ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၅ ခုနှစ်

ဥပဒေများနှင့် အဓိန့်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်မအားချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၅ ခုနှစ်

ဥပဒေများနှင့် အမိန့်များ

မာတိကာ

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ဥပဒေများ

၁။ မရွေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို
ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၁/၂၀၀၅) ... ၁

၂။ ၂၀၀၅ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ
ခွဲဝေသုံးစွဲရေး ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၂/၂၀၀၅) ... ၅

၃။ ၂၀၀၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံး
ဆိုင်ရာ ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၃/၂၀၀၅) ... ၁၅

၄။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက် ဥပဒေကို
ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၄/၂၀၀၅) ... ၆၁

၅။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၅/၂၀၀၅) ... ၆၇

မာတိကာ

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၆။ ရန်ကုန်မြို့တော်လျှပ်စစ်မာတ်အားပေးရေးအဖွဲ့
ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၆/၂၀၀၅) ... ၉၅

အမိန့်များ

၁။ တာဝန်မှ ရပ်စဲခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်အမှတ် ၁/၂၀၁၅) ... ၁၁၅

၂။ တာဝန်ပူးတွဲထမ်းဆောင်စေခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်အမှတ် ၂/၂၀၁၅) ... ၁၁၆

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊
(မန္တလေးမြို့တော်ဝန်) ခန့်အပ်တာဝန်ပေးခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်အမှတ် ၃/၂၀၁၅) ... ၁၂၃

၄။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး
တက္ကသိုလ်၊ တက္ကသိုလ်ကောင်စီပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်အမှတ် ၄/၂၀၁၅) ... ၁၂၇

၅။ ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး
ကောင်စီဥက္ကဋ္ဌ ပြောင်းလွှဲတာဝန်ပေးအပ်ခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်အမှတ် ၅/၂၀၁၅) ... ၁၃၁

၆။ ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး
ကောင်စီဥက္ကဋ္ဌ ပြောင်းလွှဲတာဝန်ပေးအပ်ခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်အမှတ် ၆/၂၀၁၅) ... ၁၃၅

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၇။	ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၇/၂၀၀၅)	...	၁၃၉
၈။	ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၈/၂၀၀၅)	...	၁၄၃
၉။	ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၉/၂၀၀၅)	...	၁၄၇
၁၀။	ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၁၀/၂၀၀၅)	...	၁၅၁
၁၁။	နယ်ဘက်တရားရုံး၌ တရားစွဲဆိုခွင့်ပြုမိန့် (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၁၁/၂၀၀၅)	...	၁၅၅
၁၂။	တာဝန်မှ ရပ်စဲခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၁၂/၂၀၀၅)	...	၁၅၉

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၃။	တာဝန်မှ အနားယူခွင့်ပြုခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၁၃/၂၀၀၅)	... ၁၆၃
၁၄။	အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၁၄/၂၀၀၅)	... ၁၆၇
၁၅။	ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၁၅/၂၀၀၅)	... ၁၇၁
၁၆။	ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၁၆/၂၀၀၅)	... ၁၇၅
၁၇။	ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၁၇/၂၀၀၅)	... ၁၇၉

မရွေးမဖြောင်းနိုင်သောပစ္စည်း လွှဲဖြောင်းခြင်းကို
ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁ / ၂၀၀၅)

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့တွင်ပါရှိသော "မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့" ဆိုသည့်စကားရပ်ကို "မြို့နယ်မှတ်ပုံတင်အဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွေ့မပြောင်းနိုင်သော ပစ္စည်းကို မှတ်ပုံတင်ရန် ပျက်ကွက်မှု ရှိ မရှိ၊ မှတ်ပုံတင်ရာတွင် မှန်ကန်မှု ရှိ မရှိဖြင့် ထိမ်ချန်မှု ရှိ မရှိတို့ကို သက်ဆိုင်သည့် မြို့နယ် မှတ်ပုံတင်အဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြရမည်။"

၄။ မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၁၃။ ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွေ့မပြောင်းနိုင်သော ပစ္စည်းကို မှတ်ပုံတင်ရန် တာဝန်ရှိသူ မည်သူမဆို မှတ်ပုတင်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် မှတ်ပုံတင်ရာ၌ တမင် မမှန်မကန် ဖော်ပြကြောင်း သို့မဟုတ် တိမ်ချန်ကြောင်း ပြစ်မှုငယ်ရား စီရင်ခြင်း ခံရလျှင် ထိုသူသည် ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အဆက်ဆံသည့် မရွေ့မပြောင်းနိုင်သောပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၅ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်

ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
၂၀၀၅ ခုနှစ်၊ နိုင်ငံတော်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၂ / ၂၀၀၅)

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၀၅ ခုနှစ်၊ မတ်လ ၂၁ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၀၅ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၀၄-၂၀၀၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

အခန်း (၂)
နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလွှာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များနှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး

သည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၂၀၀၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၀၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

အခန်း (၃)
ငွေချေးယူခြင်း

၄။ ၂၀၀၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃ တွင် ဖော်ပြထားသည့် ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ်သန်း နှစ်သိန်း တိုးမြှင့်လျာထားလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ် ဇယား (၁)

အမှတ်စဉ်	၂၀၀၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	နောက်ထပ်ခွင့်ပြုသည့်သုံးငွေ							
				သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင်ရင်းနှီးငွေ	စုဆောင်းငွေ
								ထုတ်ချေးငွေ	ချေးယူရငွေအတွက်ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
				ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	၁	နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ	နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးသူ	၉၇၂၉၂၃,၀၁၀	...	...	၁၁၆,၅၇၂,၁၀၀				
၂	၃	အစိုးရအဖွဲ့	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	...	...	...	၅၀,၀၀၀,၀၀၀,၀၀၀				
၃	၄	တရားသူကြီးချုပ်	တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ	၁၀၉,၀၅၀,၀၀၀	...	...	၆၃,၈၃၁,၅၀၀				
၄	၅	ရှေ့နေချုပ်	ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ	၃၁,၄၀၀,၀၀၀	...	...	၂၅၉၉၆,၂၆၀				
၅	၆	စာရင်းစစ်ချုပ်	စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ	၆၅,၂၇၁,၀၀၀	...	...	၁၂,၇၂၂,၂၀၀				
		ပေါင်း ...		၁,၁၇၈,၆၄၄,၀၁၀	...	...	၅၀,၂၀၈,၈၂၂,၀၆၀				

ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၂)

အမှတ်စဉ်	၂၀၀၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	နောက်ထပ်ခွင့်ပြုသည့်သုံးငွေ							
				သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အမွဲအစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ
								ထုတ်ချေးငွေ	ချေးယူရငွေအတွက် ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
				ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	၁	နိုင်ငံခြားရေး	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၂၅၅,၆၇၅,၅၀၀	...	၅,၉၉၈,၀၀၀	၃,၁၁၀,၀၀၀				
၂	၂	ကာကွယ်ရေး	ရင်း	...	...	...	၂၄,၉၉၇,၀၀၀,၀၀၀				
၃	၄	နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး	ရင်း	၄၄၅,၈၂၂,၇၀၀	...	၃,၀၆၇,၅၀၀,၀၀၀	၃,၀၅၂,၅၅၆,၄၀၀				
၄	၅	ပြည်ထဲရေး	ရင်း	၉၇၉,၀၈၁,၄၀၀	...	၉၃,၀၀၀	၄၈၀,၀၀၀,၀၀၀				
၅	၆	လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား	ရင်း	၁၈၃,၆၈၈,၂၅၀	...	...	၄၈,၃၇၈,၅၀၀				
၆	၇	သာသနာရေး	ရင်း	၅၆၆,၂၇၉,၆၇၀	...	...	၆,၀၀၀,၀၀၀				
၇	၈	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး	ရင်း	၁၇၇,၁၆၁,၁၀၀	...	၈,၀၄၂,၀၀၀	၃၈၃,၃၃၃,၇၅၀				
၈	၉	ပြန်ကြားရေး	ရင်း	၇၈,၄၀၀,၀၀၀	...	...	၃၃၁,၆၆၀,၄၀၀				
၉	၁၀	ယဉ်ကျေးမှု	ရင်း	၇၉,၈၂၉,၀၀၀	...	...	၁၆၃,၈၇၀,၀၀၀				
၁၀	၁၁	ပညာရေး	ရင်း	၃,၃၅၁,၉၇၉,၉၈၀	...	...	၈,၇၃၅,၀၀၀,၀၀၀				
၁၁	၁၂	ကျန်းမာရေး	ရင်း	၃,၁၆၈,၃၆၀,၀၀၀	...	...	၁,၇၁၇,၇၃၄,၃၀၀				
၁၂	၁၃	အားကစား	ရင်း	၅၅,၅၈၀,၀၀၀	...	၆,၃၇၅,၀၀၀	၁၉၀,၅၄၀,၉၀၀				
၁၃	၁၄	အလုပ်သမား	ရင်း	၁၆,၆၀၈,၀၀၀	...	...	၁၄,၁၆၆,၀၀၀				
၁၄	၁၅	သစ်တောရေးရာ	ရင်း	၂၇၄,၂၃၅,၀၀၀	...	...	၇၆၁,၀၆၉,၅၀၀				
၁၅	၁၆	လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း	ရင်း	၆,၂၄၇,၄၆၄,၁၀၀	...	...	၅,၄၇၆,၂၃၆,၀၀၀				
၁၆	၁၇	မွေးမြူရေးနှင့် ရေလုပ်ငန်း	ရင်း	၁၈၉,၈၅၂,၄၀၀	...	...	၂၁၇,၆၀၀,၀၀၀				
၁၇	၁၈	သတ္တုတွင်း	ရင်း	၁၄၄,၉၃၇,၀၀၀	...	...	၇,၀၀၀,၀၀၀				
၁၈	၁၉	အမှတ် (၁) စက်မှု	ရင်း	၁၅၉,၇၁၃,၀၀၀	...	...	၉၅,၇၅၄,၉၀၀				
၁၉	၂၁	သိပ္ပံနှင့် နည်းပညာ	ရင်း	၁၂၀,၁၂၄,၀၀၀	...	...	၁,၃၆၀,၈၅၆,၀၀၀				

ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

အမှတ်စဉ်	၂၀၀၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	နောက်ထပ်ခွင့်ပြုသည့်သုံးငွေ							
				သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်း သုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ
								ထုတ်ချေးငွေ	ချေးယူရငွေ အတွက် ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
				ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၂၀	၂၂	စွမ်းအင်	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၄,၀၀၀,၀၀၀	...	...	၅၀၀,၀၀၀				
၂၁	၂၃	လျှပ်စစ်စွမ်းအား	၎င်း	၇၄၈,၈၃၁,၀၀၀	...	...	၂၄၉၁၀၀,၀၀၀				
၂၂	၂၄	ဆောက်လုပ်ရေး	၎င်း	၁၀,၀၃၀,၄၅၉,၀၀၀	...	...	၂၀,၆၅၁,၁၁ ၂၆၉၀				
၂၃	၂၅	ပို့ဆောင်ရေး	၎င်း	၄၆,၄၈၅,၀၉၀	...	...	၁၀,၈၀ ၂၇၃၈,၀၀၀				
၂၄	၂၆	ရထားပို့ဆောင်ရေး	၎င်း	၃၉,၄၀၂,၂၀၀	...	...	၄၀,၂၈ ၂၆၇၀				
၂၅	၂၇	ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း	၎င်း	၅၁၀,၀၀၀	...	...	၃၅ ၂၅၀၀				
၂၆	၂၈	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး	၎င်း	၁၇၂,၁၉၀,၀၀၀	...	...	၇၆၆၇ ၂၄၀၀			၆,၆၀၀,၀၀၀	
၂၇	၂၉	ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း	၎င်း	၂၁,၀၈၁,၆၆၀	...	...	...				
၂၈	၃၀	သမဝါယမ	၎င်း	၄,၉၁၀,၀၀၀	...	...	၆၄,၀၀၀,၀၀၀				
၂၉	၃၁	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု	၎င်း	၂၃၇,၁၄၁,၀၀၀	...	၃၁၁,၀၀၀	၁ ၂၅၁၁၈,၀၀၀				
၃၀	၃၂	ဘဏ္ဍာရေးနှင့် အခွန်	၎င်း	၁,၉၃၇,၈၂၄,၅၆၀	၁၁,၀၆၉,၀၀၀,၀၀၀	၆,၁၅၂,၀၂၀,၀၀၀	၂၈၆,၀၀၀				
		ပေါင်း ...		၂၉,၇၃၃၆ ၂၅,၅၁၀	၁၁,၀၆၉,၀၀၀,၀၀၀	၉,၂၄၀,၃၃၉,၀၀၀	၈၃,၂၉၃၅ ၂၈၉၁၀			၆,၆၀၀,၀၀၀	

နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၃)

အမှတ်စဉ်	၂၀၀၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	နောက်ထပ်ခွင့်ပြုသည့်သုံးငွေ							
				သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ
								ထုတ်ချေးငွေ	ချေးယူရငွေအတွက် ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
				ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	၁	နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၁၅၉၉၇၇၇၄၆၇၀၀	...	...	၃၃,၅၀၄,၉၀၅,၀၃၀				
		ပေါင်း		၁၅၉၉၇၇၇၄၆၇၀၀	...	...	၃၃,၅၀၄,၉၀၅,၀၃၀				

တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ

အမှတ်စဉ်	၂၀၀၄ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေအရေအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	နောက်ထပ်ခွင့်ပြုသည့်သုံးငွေ							
				သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြေးမြို		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ
								ထုတ်ချေးငွေ	ရေယုရင်ငွေအတွက် ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
				ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	၁	ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၁၉,၃၆၁,၈၀၀	...	...					
		ပေါင်း ...		၁၉,၃၆၁,၈၀၀	...	...	...				

၂၀၀၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ
အရအသုံးဆိုင်ရာ ဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
၂၀၀၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၃ / ၂၀၀၅)

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၀၅ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁
အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၀၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေ၏ အပိုင်း ၆ ပါ ကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်းသည့် ပုဒ်မ ၂၈ မှ ပုဒ်မ ၃၃ အထိပါ ပြဋ္ဌာန်းချက်များသည်လည်းကောင်း၊ အပိုင်း ၇ ပါ ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် ပုဒ်မ ၃၆ မှ ပုဒ်မ ၄၅ အထိပါ ပြဋ္ဌာန်းချက်များ၊ ပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ ပါ ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၅၁ မှ ပုဒ်မ ၆၃ အထိပါ ပြဋ္ဌာန်းချက်များသည်လည်းကောင်း ၂၀၀၅-၂၀၀၆ စည်းကြပ်နှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) ပါ ပုဒ်မများမှအပ ကျန်ပုဒ်မများပါ ပြဋ္ဌာန်းချက်များသည် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် ၂၀၀၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

အပိုင်း ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

အခန်း (၁)

ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(၈) ရင်္ဂေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရင်္ဂေများအနက် ပြည်ပအကူအညီရင်္ဂေနှင့် အခန်း (၃) အရ ချေးယူရင်္ဂေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ပိုမိုရရှိသော ပြည်ပအကူအညီရင်္ဂေ၊ ချေးယူရင်္ဂေတို့ဖြင့် ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ပြည်ပမှ အကူအညီရင်္ဂေ၊ ချေးယူရင်္ဂေများကြောင့် နိုင်ငံတော်၏ ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပိုမိုသုံးစွဲခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် —

(၁) ကြိုတင် မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် ကိစ္စဖြစ်ခြင်း၊

(၃) တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်း ကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ် လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊

(ခ) သီးသန့် ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၇။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ သို့မဟုတ်

လျော့၍ရသော ရငွေများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ နိုင်ငံတော်၏နောက်ထပ် ရငွေသုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ်တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြတောင်းခံနိုင်သည်။

အခန်း (၃)
ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း၊ ပြည်တွင်းမှ ဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွှေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ .ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် .လဲလှယ်နိုင်သည်။

၁၀။ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းစီမံချက်များအတွက် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ပြည်ပမှ ငွေချေးယူနိုင်သည်။

၁၁။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် အစိုးရဌာနတစ်ခုခုအား ပြည်ပမှငွေချေးယူခွင့်ပြုနိုင်သည်။

၁၂။ (က) အစိုးရအဖွဲ့သည် ဤအခန်း (၃) ပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၃။ ၂၀၀၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၀၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူလက်ခံ ရရှိသည့်ငွေစုစုပေါင်းသည် ကျပ်သန်း လေးသိန်း ပမာဏထက် မပိုစေရ။

အပိုင်း ၃
နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

၁၄။ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၅။ (က) နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ ရင်ဆိုင်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရင်ငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရင်ငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးနိုင်သည်။

အပိုင်း ၄
တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၁၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေ အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၈။ (က) တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ၏ ရင်ွေနှင့် သုံးငွေ အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြ ထားသည့် ရင်ွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ် အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရင်ွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေ များ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြား ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် ရမည်။

၁၉။ (က) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြ သော ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ

ငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များ နှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များ အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

၂၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

အပိုင်း ၅
စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂၁။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များအား ငွေချေးခြင်း၊ အထောက်အပံ့ပေးခြင်း ပြုနိုင်သည်။

အပိုင်း ၆
ကုန်သွယ်လုပ်ငန်းခွန်

၂၂။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၁ ပါ အခွန်မကျသင့်စေမည့် ကုန်စည်များစာရင်းတွင် အမှတ်စဉ် ၆၅ ၏ နောက်၌ အမှတ်စဉ် ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁နှင့် ၇၂ တို့ကို ဤဥပဒေ၏ ဇယား ၉ တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၃။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၏ နောက်ဆက်တွဲဇယား ၂ ပါ ၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များစာရင်းတွင် အမှတ်စဉ် ၃၁ ၏ နောက်၌ အမှတ်စဉ် ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊

၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇ နှင့် ၅၈ တို့ကို ဤဥပဒေ၏ ဇယား ၁၀ တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၄။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၃ ပါ ၁၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ စာရင်းတွင် –

(က) အမှတ်စဉ် ၅၈ ပါ ကုန်စည်အမျိုးအမည်စာရင်း၌ပါရှိသော "သံဖြင့်ပြုလုပ်သော ရေစည်၊ သံပုံးနှင့် သတ္တုရည်အမျိုးမျိုးဖြင့်သုတ်ထားသော ပုံးခွက်များ" ဆိုသည့် စကားရပ်ကို "သံဖြင့်ပြုလုပ်သော သေတ္တာ၊ ရေစည်၊ သံပုံးနှင့် သတ္တုရည်အမျိုးမျိုးဖြင့်သုတ်ထားသော သံသေတ္တာ၊ ပုံးနှင့် ခွက်များ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အမှတ်စဉ် ၁၂၀ ၏ နောက်၌ အမှတ်စဉ် ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂ နှင့် ၁၃၄ တို့ကို ဤဥပဒေ၏ ဇယား ၁၁ တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၄ ပါ ၂၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များစာရင်းတွင် အမှတ်စဉ် ၈၈ ၏ နောက်၌ အမှတ်စဉ် ၈၉၊ ၉၀ နှင့် ၉၁ တို့ကို ဤဥပဒေ၏ ဇယား ၁၂ တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၅ ပါ ၂၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များစာရင်းတွင် –

(က) အမှတ်စဉ် ၂၂ ပါ ကုန်စည်အမျိုးအမည်စာရင်း၌ ပါရှိသော "အပေါ့စားဘင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် အပေါ့စားဝက်ဂွန်း (Estate Wagon) ကားများနှင့် ကူပေး (Coupe')ကားများ" ဆိုသည့်စကားရပ်ကို "အပေါ့စား

ဘင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် အပေါ့စားဝက်ဂွန်း (Estate Wagon) ကားများ၊ ကူပေး (Coupe') ကားများနှင့် ကျစ်ကားများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အမှတ်စဉ် ၄၁ ပါ ကုန်စည်အမျိုးအမည်စာရင်း၌ ပါရှိသော "ဓာတ်စက်ဓာတ်ပြား" ဆိုသည့် စကားရပ်ကို "ဓာတ်စက်ဓာတ်ပြား၊ လေဆာဓာတ်ပြားနှင့် မင်မိုရီအတောင့် (Memory Stick) များ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) အမှတ်စဉ် ၅၁ ၏ နောက်၌ အမှတ်စဉ် ၅၂၊ ၅၃၊ ၅၄ နှင့် ၅၅ တို့ကို ဤဥပဒေ၏ ဇယား ၁၃ တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၇ ပါ ဝန်ဆောင်မှုများစာရင်းတွင် အမှတ်စဉ် ၅ ၏ နောက်၌ အမှတ်စဉ် ၆၊ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ကို ဤဥပဒေ၏ ဇယား ၁၄ တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၈။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၁ မှ ဇယား ၆ အထိနှင့် ဇယား ၇ အမှတ်စဉ် ၃ တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို ဇယား ၁ မှ ဇယား ၆ အထိ ပါရှိသော ကုန်စည်အမျိုးအစားများကို ထုတ်လုပ်ရောင်းချမှုလုပ်ငန်း တစ်ရပ်ရပ်အတွက် သော်လည်းကောင်း၊ ဇယား ၇ အမှတ်စဉ် ၃ တွင် ပါရှိသော ကုန်စည် ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း တစ်ရပ်ရပ်အတွက် သော်လည်းကောင်း ရောင်းရငွေ သို့မဟုတ် ရောင်းရငွေစုစုပေါင်းတွင် နိုင်ငံခြားငွေပါဝင်ပါက ယင်းသို့ပါဝင်သည့် နိုင်ငံခြားငွေပမာဏ၏ ၈ ရာခိုင်နှုန်းနှင့် ညီမျှသော ကုန်သွယ်လုပ်ငန်းခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၂၉။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၁ မှ ဇယား ၆ အထိနှင့် ဇယား ၇ အမှတ်စဉ် ၃ တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ

မည်သူမဆို ဇယား ၁ မှ ဇယား ၆ အထိ ပါရှိသော ကုန်စည်အမျိုးအစားများကို ထုတ်လုပ်ရောင်းချမှုလုပ်ငန်း တစ်ရပ်ရပ်အတွက်သော် လည်းကောင်း၊ ဇယား ၇ အမှတ်စဉ် ၃ တွင် ပါရှိသော ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း တစ်ရပ်ရပ်အတွက်သော်လည်းကောင်း ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတို့တွင် ကျပ်ငွေဖြင့် ပို့ကုန်ရောင်းရငွေ ရရှိပါက ယင်းရောင်းရငွေ စုစုပေါင်း၏ ၈ ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်း ခွန်အဖြစ် ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၃၀။ ပုဒ်မ ၂၈ နှင့် ၂၉ တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်များသည် လက်ခစားလုပ်ငန်း (စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများမှ ပြန်လည်တင်ပို့သည့် ပို့ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ ရရှိသည့် ရောင်းရငွေများနှင့် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် ပြည်တွင်း၌ နိုင်ငံခြားငွေနှင့် ရောင်းချလျှင်မူ ရောင်းရငွေ၏ ၈ ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၃၁။ မည်သူမဆို ယခင်က ကုန်စည်တစ်မျိုးအတွက် ကုန်သွယ်လုပ်ငန်းခွန်ကို နိုင်ငံခြားငွေဖြင့် ပေးဆောင်ခဲ့ပြီးဖြစ်လျှင် အခွန်နှစ်ကြိမ် ပေးဆောင်ရခြင်းမရှိစေရန် အလို့ငှာ ယင်းကုန်စည်အတွက် ပို့ကုန်ရောင်းရငွေအပေါ် နိုင်ငံခြားငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ထပ်မံစည်းကြပ်ခြင်း မပြုရ။

၃၂။ ပုဒ်မ ၂၈၊ ၂၉ နှင့် ၃၀ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈ အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပြုခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃၃။ မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်

နိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတွင် ပြည်ပမှကုန်စည်များ တင်သွင်းပါက ယင်းကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို အထူးကိစ္စတစ်ရပ်အနေဖြင့် သွင်းကုန်တင်သွင်းရာ၌ ကျပ်ငွေဖြင့် ပေးချေအသုံးပြုခဲ့လျှင် ကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် ပေးချေအသုံးပြုခဲ့လျှင် ယင်းနိုင်ငံခြားငွေဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်။ ဤသို့ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သွင်းကုန်အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပြုထားသည့် ကုန်စည်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

အပိုင်း ၇
ဝင်ငွေခွန်

အခန်း (၁)
အဓိပ္ပာယ်ဖွင့်ဆိုချက်

၃၄။ ဤအပိုင်းတွင်ပါရှိသော စကားရပ်များ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

အခန်း (၂)
ပုဂ္ဂလိက ဝင်ငွေခွန်နှုန်း

၃၅။ မည်သူကိုမဆို လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည် –

အမှတ်စဉ်	သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်လစာဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအတွဲ		စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း
	မှ	ထိ	
၁	ကျပ်	ကျပ်	
၂	၁	၅၀၀၀	၃ ရာခိုင်နှုန်း
၃	၅၀၀၁	၁၀၀၀၀	၅ ရာခိုင်နှုန်း
၄	၁၀၀၀၁	၂၀၀၀၀	၇ ရာခိုင်နှုန်း
၅	၂၀၀၀၁	၃၀၀၀၀	၁၀ ရာခိုင်နှုန်း
၆	၃၀၀၀၁	၅၀၀၀၀	၁၂ ရာခိုင်နှုန်း
၇	၅၀၀၀၁	၇၀၀၀၀	၁၆ ရာခိုင်နှုန်း
၈	၇၀၀၀၁	၁၀၀၀၀၀	၁၇ ရာခိုင်နှုန်း
၉	၁၀၀၀၀၁	၁၅၀၀၀၀	၁၈ ရာခိုင်နှုန်း
၁၀	၁၅၀၀၀၁	၂၀၀၀၀၀	၁၉ ရာခိုင်နှုန်း
၁၁	၂၀၀၀၀၁	၃၀၀၀၀၀	၂၀ ရာခိုင်နှုန်း
၁၂	၃၀၀၀၀၁ နှင့် အထက်		၂၂ ရာခိုင်နှုန်း

၃၆။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ပြည်ပနေနိုင်ငံသားက နိုင်ငံခြားငွေဖြင့် ပြည်ပမှရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၇။ နိုင်ငံခြားသားတစ်ဦးသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်းလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ရပ်ရပ်၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်ခြင်း ဖြစ်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာ

ခွင့်များ မနုတ်မီ ထိုသူရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်း ဝင်ငွေအပေါ် ၂၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၈။ နိုင်ငံခြားဌာန ဖွဲ့စည်းထားသော ပုဂ္ဂိုလ်စုသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်းလုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှု တစ်ရပ်ရပ်၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြစ်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ထိုပုဂ္ဂိုလ်စုရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၉။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ တည်ထောင်သည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၄၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ပြည်ပနေ နိုင်ငံခြားသား၏ စုစုပေါင်းဝင်ငွေအပေါ် ၃၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ (ဝင်ငွေကို နိုင်ငံခြားငွေဖြင့်ရရှိခြင်းဖြစ်ပါက ဝင်ငွေခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။ သို့ရာတွင် ပုဒ်မ ၄၁ ပါ ဇယားတွင် ဖော်ပြထားသည့် နှုန်းများအနက် သက်ဆိုင်သည့်နှုန်းများဖြင့် ဝင်ငွေခွန် တွက်ချက်၍ ရရှိသော ဝင်ငွေခွန်သည် ၃၅ ရာခိုင်နှုန်းဖြင့် တွက်ချက်၍ ရသည်ထက်များလျှင် များရာဝင်ငွေခွန်ကို ပေးဆောင်ရမည်။)

၄၁။ ပုဒ်မ ၃၆၊ ၃၇၊ ၃၈၊ ၃၉ နှင့် ၄၀ တို့မှအပ အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ပစ္စည်း၊ ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေနှင့် အခြားရလမ်းမှ ဝင်ငွေများအပေါ် အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်

အမှတ်စဉ်	သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ		စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း
	မှ	ထိ	
	ကျပ်	ကျပ်	
၁	၁	၅၀၀၀	၅ ရာခိုင်နှုန်း
၂	၅၀၀၁	၁၀၀၀၀	၁၀ ရာခိုင်နှုန်း
၃	၁၀၀၀၁	၂၀၀၀၀	၁၁ ရာခိုင်နှုန်း
၄	၂၀၀၀၁	၃၀၀၀၀	၁၂ ရာခိုင်နှုန်း
၅	၃၀၀၀၁	၄၀၀၀၀	၁၄ ရာခိုင်နှုန်း
၆	၄၀၀၀၁	၅၀၀၀၀	၁၅ ရာခိုင်နှုန်း
၇	၅၀၀၀၁	၆၀၀၀၀	၁၆ ရာခိုင်နှုန်း
၈	၆၀၀၀၁	၁၀၀၀၀၀	၁၇ ရာခိုင်နှုန်း
၉	၁၀၀၀၀၁	၁၅၀၀၀၀	၁၈ ရာခိုင်နှုန်း
၁၀	၁၅၀၀၀၁	၂၀၀၀၀၀	၁၉ ရာခိုင်နှုန်း
၁၁	၂၀၀၀၀၁	၃၀၀၀၀၀	၂၀ ရာခိုင်နှုန်း
၁၂	၃၀၀၀၀၁	၅၀၀၀၀၀	၂၂ ရာခိုင်နှုန်း
၁၃	၅၀၀၀၀၁	၁၀၀၀၀၀၀	၂၅ ရာခိုင်နှုန်း
၁၄	၁၀၀၀၀၀၁	၂၀၀၀၀၀၀	၂၇ ရာခိုင်နှုန်း
၁၅	၂၀၀၀၀၀၁ နှင့် အထက်		၃၀ ရာခိုင်နှုန်း

အခန်း (၃)

သမဝါယမအသင်းများ၏ ဝင်ငွေခွန်နှုန်း

၄၂။ သမဝါယမအသင်း ဥပဒေအရ မှတ်ပုံတင် ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမအသင်းစုချုပ် သို့မဟုတ် ဗဟိုသမဝါယမအသင်းများ၏ ဝင်ငွေအပေါ် အောက်ပါဇယား တွင် ဖော်ပြထားသည့်အတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည် –

အမှတ်စဉ်	သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ		စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း
	မှ	ထိ	
	ကျပ်	ကျပ်	
၁	၁	၅၀၀၀	၃ ရာခိုင်နှုန်း
၂	၅၀၀၁	၁၀၀၀၀	၅ ရာခိုင်နှုန်း
၃	၁၀၀၀၁	၂၀၀၀၀	၈ ရာခိုင်နှုန်း
၄	၂၀၀၀၁	၃၀၀၀၀	၁၀ ရာခိုင်နှုန်း
၅	၃၀၀၀၁	၅၀၀၀၀	၁၂ ရာခိုင်နှုန်း
၆	၅၀၀၀၁	၇၀၀၀၀	၁၄ ရာခိုင်နှုန်း
၇	၇၀၀၀၁	၁၀၀၀၀၀	၁၆ ရာခိုင်နှုန်း
၈	၁၀၀၀၀၁	၁၅၀၀၀၀	၁၈ ရာခိုင်နှုန်း
၉	၁၅၀၀၀၁	၂၀၀၀၀၀	၂၀ ရာခိုင်နှုန်း
၁၀	၂၀၀၀၀၁	၃၀၀၀၀၀	၂၂ ရာခိုင်နှုန်း
၁၁	၃၀၀၀၀၁	၅၀၀၀၀၀	၂၄ ရာခိုင်နှုန်း
၁၂	၅၀၀၀၀၁ နှင့် အထက်		၂၀ ရာခိုင်နှုန်း

အခန်း (၄)

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေခွန်နှုန်း

၄၃။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်း ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

အခန်း (၅)

ပုဂ္ဂလိက၊ သမဝါယမအသင်းနှင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ အခြေပစ္စည်းမှ မြတ်စွန်းငွေဆိုင်ရာ ဝင်ငွေခွန်နှုန်း

၄၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ အခြေပစ္စည်းမှ မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေ အပေါ် ၁၀ ရာခိုင်နှုန်းဖြင့် စည်းကြပ်ရမည်။ သို့ရာတွင် ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ၄၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

အခန်း (၆)

ပုဂ္ဂလိကနှင့် သမဝါယမအသင်းများက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သော လုပ်ငန်းဆိုင်ရာ ဝင်ငွေခွန်နှုန်း

၄၅။ ပုဂ္ဂလိကလက်ခစားလုပ်ငန်း (စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းမှအပ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

အခန်း (၇)

စည်းကြပ်ခြင်းမပြုရသော ဝင်ငွေသတ်မှတ်ခြင်း

၄၆။ ပုဒ်မ ၃၅ အရ လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် အခွန်စည်းကြပ်ရာတွင် စုစုပေါင်း လစာဝင်ငွေကျပ် ၃၀၀၀၀ ထက်မပိုလျှင် ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။

၄၇။ ပုဒ်မ ၄၁ နှင့် ၄၂ တို့အရ အခွန်စည်းကြပ်ရာတွင် စုစုပေါင်း ဝင်ငွေ ကျပ် ၃၀၀၀၀ ထက်မပိုလျှင် ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။

၄၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုလုပ်လျှင် ယင်းသို့ပြုလုပ်သည့် နှစ် တစ်နှစ်အတွင်း တန်ဖိုးစုစုပေါင်းသည် ကျပ် ၁၀၀၀၀၀ ထက်မပိုလျှင် ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။

၄၉။ ပုဒ်မ ၄၆၊ ၄၇ နှင့် ၄၈ တို့တွင် သတ်မှတ်ထားသည့် ငွေထက်ပိုသော်လည်း ပိုငွေပမာဏ မကြီးမားသော ကိစ္စများတွင် ဝင်ငွေခွန် စည်းကြပ်ရာ၌ မျှတမှုရှိရမည့်အပြင် တာဝန်ကြီးလေးမှုမရှိစေရန် လိုအပ်မည့် အထူးတွက်ချက်နည်းများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာနိုင်သည်။

၅၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) တွင်မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤအပိုင်းပါ နှုန်းထားများအရ စည်းကြပ်မည့် အခွန်များအပြင် ဝင်ငွေခွန်ထပ်မံစည်းကြပ်ခြင်းမပြုရ။

အခန်း (၈)

သက်သာခွင့်ပြုခြင်း

၅၁။ ထင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) နှင့်ပုဒ်မခွဲ (ခ) (၁) တို့အရ အခြေခံသက်သာခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့်ပြုငွေ စုစုပေါင်းသည် ငွေကျပ် ၁၂၀၀၀ ထက် မပိုစေရ။

၅၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) (၂) အရ ပုဂ္ဂိုလ်စုမဟုတ်သော အခွန်ထမ်းတစ်ဦး၏ အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် အောက်ပါအတိုင်း သက်သာခွင့်ပြုရမည် –

(က) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ငွေကျပ် ၅၀၀၀၊

(ခ) အသက် ၅ နှစ်မကျော်သည့် သားသမီးအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀ စီ၊

(ဂ) အသက် ၅ နှစ်ကျော်ပြီး ၁၀ နှစ်မကျော်သည့် သားသမီး အတွက် တစ်ဦးလျှင် ငွေကျပ် ၁၂၀၀ စီ၊

(ဃ) အသက် ၁၀ နှစ်ကျော်ပြီး ၁၅ နှစ်မကျော်သည့် သားသမီး အတွက် တစ်ဦးလျှင် ငွေကျပ် ၁၆၀၀ စီ၊

(င) အသက် ၁၅ နှစ်ကျော်သည့် သားသမီးအတွက် တစ်ဦး လျှင် ငွေကျပ် ၂၀၀၀ စီ။

၅၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) (၃) နှင့် (၄) တို့အရ သက်သာခွင့်ပြုငွေသည် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွင်း အခွန်ထမ်းက အမှန်ပေးသွင်းသည့် ငွေအားလုံးဖြစ်ရမည်။

အခန်း (၉)

ကျပ်ငွေနှင့် နိုင်ငံခြားငွေများဖြင့် ဝင်ငွေခွန်စည်းကြပ်ခြင်း

၅၄။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပုဂ္ဂလိက လက်ခစားလုပ်ငန်း (စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းမှအပ မြန်မာနိုင်ငံသားများက ကုန်စည် ထုတ်လုပ်ရောင်းချခြင်း၊ စီးပွားရေး လုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်ခြင်းနှင့် ဝန်ဆောင်မှုတစ်ရပ်ရပ် ဆောင်ရွက် ခြင်းတို့မှ နိုင်ငံခြားငွေရရှိခြင်းများနှင့် စပ်လျဉ်း၍ ရရှိသော နိုင်ငံခြားငွေ စုစုပေါင်း၏ ၂ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၅၅။ ပုဒ်မ ၅၄ တွင်ပါရှိသော နိုင်ငံခြားငွေ ရရှိသူများအပေါ် စုစုပေါင်း ရငွေ၏ ၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် ပေးဆောင်စေခြင်းသည် ပုဂ္ဂလိကလက်ခစား လုပ်ငန်း (စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းမှအပ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက် သော လုပ်ငန်းများမှ ရရှိသည့်ရငွေများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၅၆။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပုဂ္ဂလိက လက်ခစားလုပ်ငန်း (စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းမှ

နိုင်ငံခြားငွေရရှိလျှင် ယင်းရငွေအပေါ်တွင် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၅၇။ ပုဂ္ဂလိကလက်ခစားလုပ်ငန်း (စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းမှအပ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းမှ နိုင်ငံခြားငွေရရှိလျှင် ယင်းရငွေအပေါ် ဝင်ငွေခွန်စည်းမျဉ်း၏ စည်းမျဉ်း ၅-ခ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ တွက်ချက်၍ ယင်းနိုင်ငံခြားငွေဖြင့် ဝင်ငွေခွန် ပေးဆောင်ရမည်။

၅၈။ ပြည်တွင်းနေ နိုင်ငံခြားသားသည် အောက်ဖော်ပြပါ ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်ကို နိုင်ငံခြားငွေဖြင့်ရရှိလျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ထိုသို့ရရှိသည့် နိုင်ငံခြားငွေ စုစုပေါင်းအပေါ်တွင် ၁၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည် –

(က) အဆောက်အအုံ၊ အခန်း၊ ယာဉ်၊ စက်ယန္တရားများနှင့် အခြားပစ္စည်းများ အငှားချထားခြင်းအတွက် ရရှိသည့် ဝင်ငွေ၊

(ခ) လစာခေါင်းစဉ်မှ ရရှိသည့်ဝင်ငွေ၊

(ဂ) ပုဂ္ဂိုလ်စုမှအပ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးမှုအတွက်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်မှလည်းကောင်း၊ အကြံပေးခြင်းနှင့်အကိုးဆောင်ခြင်း စသည့် အခြားဆောင်ရွက်ပေးမှုအတွက်လည်းကောင်း ရရှိသည့်ဝင်ငွေ။

၅၉။ ပြည်တွင်းနေ နိုင်ငံသားများနှင့် ပြည်ပနေ နိုင်ငံသားများသည် ပုဒ်မ ၅၈ တွင်ပါရှိသော ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်ကို နိုင်ငံခြားငွေဖြင့် ရရှိလျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁)နှင့် (၂) တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ထိုသို့ရရှိသည့် နိုင်ငံခြားငွေ စုစုပေါင်း

အပေါ်တွင် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၆၀။ ပုဒ်မ ၅၈ နှင့် ၅၉ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများမှ ရရှိသောငွေများနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်သော လုပ်ငန်းများမှ ရရှိသောငွေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများက နိုင်ငံခြားငွေရရှိမှုအပေါ် ဝင်ငွေခွန်ပေးရသည့်နှုန်း အတိုင်း နိုင်ငံခြားငွေဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၆၁။ ပုဂ္ဂလိကလက်ခစားလုပ်ငန်း (စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းမှအပ ပြည်တွင်းနေနိုင်ငံခြားသားသည် နိုင်ငံခြားငွေဖြင့် ကုန်စည် ထုတ်လုပ်ရောင်းချခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခြင်းနှင့် ဝန်ဆောင်မှုတစ်ရပ်ရပ်ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် ယင်းရငွေ အပေါ် ဝင်ငွေခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၅-ခ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ တွက်ချက်၍ နိုင်ငံခြားငွေဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၆၂။ ပုဂ္ဂလိက ကဏ္ဍနှင့် သမဝါယမကဏ္ဍတို့၌ ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတ နိုင်ငံ၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှု တွင် ကျပ်ငွေဖြင့် ပို့ကုန်ရောင်းရငွေ ရရှိပါက ယင်းရောင်းရငွေစုစုပေါင်း၏ ၂ ရာခိုင်နှုန်းကို ကျပ်ငွေဖြင့် ဝင်ငွေခွန် ပေးဆောင်ရမည်။ သို့ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများမှ ရရှိသည့်ငွေများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းသည် ကျပ်ငွေဖြင့် ဝင်ငွေရရှိပါက ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ကျပ်ငွေ နှင့် နိုင်ငံခြားငွေနှစ်ရပ်ဖြင့် ဝင်ငွေရရှိပါက ဝင်ငွေခွန်စည်းမျဉ်းများ၏

စည်းမျဉ်း ၅-ခ တွင် ပါရှိသော ပြဋ္ဌာန်းချက်များမှာရလည်းကောင်း တွက်ချက်၍ ဝင်ငွေခွန်ပေးဆောင်ရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရင်းမြစ်									
			အခွန်အကောက်	နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ငွေလုံးငွေရင်းရငွေ	ပြည်ပမှ အကူအညီရငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ	စုဆောင်းငွေ
									ထုတ်ချေးငွေ အတွက် ပြန်ရငွေ	ချေးယူရငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ			၂၈,၁၃၀,၀၀၀							
၂	ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်	ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ			၁,၂၀၀,၀၀၀							
၃	အစိုးရအဖွဲ့	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ			၁,၂၅၆,၀၀၀		၁၅၀,၀၀၀					
၄	တရားသူကြီးချုပ်	တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ			၆၅၀,၀၀၀,၀၀၀							
၅	ရှေ့နေချုပ်	ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ			၁၆,၀၀၀,၀၀၀							
၆	စာရင်းစစ်ချုပ်	စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ			၂၈,၀၀၀,၀၀၀		၁,၀၀၀					
	ပေါင်း ...				၇၁၉,၈၉၀,၀၀၀		၁၅၁,၀၀၀					

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ် ဇယား (၂)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ							
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ
							ထုတ်ချေးငွေ	ချေးယူရငွေ အတွက်ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ	၁,၇၃၅,၅၀၀,၀၀၀		၅,၀၀၀,၀၀၀	၆၇၄,၉၁၉,၄၉၀				
၂	ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်	ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ	၂၉ ၀			၂၃,၄၄၈,၀၀၀				
၃	အစိုးရအဖွဲ့	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၃၂၈,၀၀၀,၀၀၀			၁၅,၀၀၄,၁၂၄,၀၀၀				
၄	တရားသူကြီးချုပ်	တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ	၉၉၅,၀၀၀,၀၀၀			၂၂၀,၈၇၃,၃၅၀				
၅	ရှေ့နေချုပ်	ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ	၄၇၀,၀၀၀,၀၀၀			၉၆,၁၁၄,၅၅၀				
၆	စာရင်းစစ်ချုပ်	စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ	၉၉၀,၀၀၀,၀၀၀			၂၂၈,၂၂၃,၀၅၀				
	ပေါင်း ...		၄,၅၄၇,၅၀၀,၀၀၀		၅,၀၀၀,၀၀၀	၁၆,၂၄၇,၇၀၂,၄၄၀				

ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရင်းမြစ်များ									
			အခွန်အကောက်	နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ငွေလုံးငွေရင်းရငွေ	ပြည်ပအကူအညီရငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ	စုဆောင်းငွေ
									ထုတ်ချေးငွေအတွက် ပြန်ရငွေ	ချေးယူရငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၁၀၈,၂၂၀,၀၀၀,၀၀၀									
	၁ ယစ်မျိုးခွန်		၃,၆၀၀,၀၀၀,၀၀၀									
	၂ ကုန်သွယ်လုပ်ငန်းခွန်		၉၄,၀၀၀,၀၀၀,၀၀၀									
	၃ ဝင်ကုန်အတွက် လိုင်စင်ခများ		၄၀၀,၀၀၀,၀၀၀									
	၄ မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု		၆,၀၅၀,၀၀၀,၀၀၀									
	၅ သယ်ယူပို့ဆောင်ရေးအခွန်		၁,၁၃၀,၀၀၀,၀၀၀									
	၆ တံဆိပ်ခေါင်းရောင်းရငွေများ		၃,၀၄၀,၀၀၀,၀၀၀									
၂	ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့်အခွန် အကောက်	၎င်း	၉၇,၄၇၁,၀၂၈,၀၀၀									
	၁ ဝင်ငွေခွန်		၇၄,၂၈၁,၀၀၀,၀၀၀									
	၂ အမြတ်ခွန်		၂၃,၁၉၀,၀၂၈,၀၀၀									
၃	အကောက်ခွန်	၎င်း	၅,၀၀၀,၀၀၀,၀၀၀									
	၁ အကောက်ခွန်		၅,၀၀၀,၀၀၀,၀၀၀									
၄	နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်	၎င်း	၄,၁၈၇,၈၉၂,၀၀၀									
	၁ မြေယာပေါ်တွင် ကောက်ခံသည့် အခွန်		၈၅၆,၂၀,၀၀၀									
	၂ ရေခွန်နှင့်တာတမံခွန်		၂၅၇,၀၂၀,၀၀၀									
	၃ သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်		၁,၅၉၉,၇၀၀,၀၀၀									
	၄ ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်		၁၆,၅၇၀,၀၀၀									
	၅ အင်းအိုင်ခွန်		၂,၄၆၀,၀၀၀,၀၀၀									

ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ရှိသူ	ရငွေများ — အခွန်အကောက်	နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ငွေလုံးငွေရင်း ရငွေ	ပြည်ပ အကူအညီ ရငွေ	ကြွေးမြီ — ထုတ်ချေးငွေ အတွက် ပြန်ရငွေ	ကြွေးမြီ — ချေးယူရငွေ	အဖွဲ့အစည်းတွင် ရင်း ရငွေ	ပေါင်းငွေ
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၆	ကြက်ပေါင်စေးပေါ်တွင် ကောက်ခံသည့်အခွန်	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ	၃၀၀,၀၀၀									
၅	နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများမှရငွေ	ရှင်း		၂၁၉,၀၀၀,၆၆၅,၀၀၀								
၆	နိုင်ငံခြားရေး	ရှင်း			၈,၂၀၀,၀၀၀							
၇	ကာကွယ်ရေး	ရှင်း			၁၁,၆၅၂,၃၄၈,၀၀၀							
၈	နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး	ရှင်း			၁၄,၃၃၅,၀၀၀							
၉	ပြည်ထဲရေး	ရှင်း			၃၁၅,၃၅၆,၂၀၀							
၁၀	လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား	ရှင်း			၉၀,၀၀၀,၀၀၀							
၁၁	သာသနာရေး	ရှင်း			၁၀,၆၁၅,၀၀၀							
၁၂	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး	ရှင်း			၇၈,၅၂၀,၀၀၀							
၁၃	ပြန်ကြားရေး	ရှင်း			၅၅၁,၄၀၃,၅၀၀							
၁၄	ယဉ်ကျေးမှု	ရှင်း			၄၅,၁၃၆,၀၀၀				၁၅၆,၈၄၂,၀၀၀				
၁၅	ပညာရေး	ရှင်း			၄,၇၂၆,၁၃၉,၁၃၀			၁၅၆,၈၄၂,၀၀၀				
၁၆	ကျန်းမာရေး	ရှင်း			၃,၄၂၇,၆၈၆,၂၀၀		၉၀၀,၀၀၀	၄၈,၉၁၂,၀၀၀		၁၀,၈၆၀,၀၀၀		
၁၇	အားကစား	ရှင်း			၇၀,၀၁၅,၀၀၀		၅၀,၀၀၀					
၁၈	အလုပ်သမား	ရှင်း			၅၀,၆၀၆,၀၀၀							
၁၉	သစ်တောရေးရာ	ရှင်း			၃၅၀,၀၀၂,၃၀၀			၄,၁၃၃,၀၀၀				
၂၀	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း	ရှင်း			၈,၅၈၉,၂၄၄,၀၀၀		၃၀,၈၅၀,၀၀၀	၁,၀၀၀,၀၀၀				
၂၀	မွေးမြူရေးနှင့်ရေလုပ်ငန်း	ရှင်း			၅၆၃,၂၈၀,၀၀၀							
၂၂	သတ္တုတွင်း	ရှင်း			၇၅,၅၀၀,၀၀၀		၃၀၀,၀၀၀					
၂၃	အမှတ် (၁) စက်မှု	ရှင်း			၁၅၆,၀၄၇,၇၀၀							

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ						ကြေးမြီ			
			အခွန်အကောက်	နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ငွေလုံးငွေရင်း ရငွေ	ပြည်ပ အကူအညီ ရငွေ	ထုတ်ချေးငွေ အတွက် ပြန်ရငွေ	ချေးယူရငွေ	အဖွဲ့အစည်းများ တွင် ရင်းနှီးငွေမှ ရငွေ	စုဆောင်းငွေ
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၂၄	အမှတ် (၂) စက်မှု	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ			၂၃၀,၀၀၀							
၂၅	သိပ္ပံနှင့်နည်းပညာ	၎င်း			၆၅၈၉၃၇၇,၅၆၀			၃၀၀၃,၀၀၀				
၂၆	စွမ်းအင်	၎င်း			၁၅,၀၀၀							
၂၇	လျှပ်စစ်စွမ်းအား	၎င်း			၃,၀၀၀,၀၀၀							
၂၈	ဆောက်လုပ်ရေး	၎င်း			၆,၀၇၅,၀၀၀,၀၀၀		၁၀,၀၀၀,၀၀၀					
၂၉	ပို့ဆောင်ရေး	၎င်း			၅၃၀,၇၇၇,၀၀၀							
၃၀	ရထားပို့ဆောင်ရေး	၎င်း			၁,၂၇၀,၆၅၂,၀၀၀							
၃၁	ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း	၎င်း			၂၆၅,၀၀၀,၀၀၀							
၃၂	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	၎င်း			၄၄၀,၀၀၀,၀၀၀						၂၇၅၀,၀၀၀	
၃၃	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း	၎င်း			၁၃,၀၁၅,၀၀၀							
၃၄	သမဝါယမ	၎င်း			၆၆,၄၆၆,၁၀၀			၁,၆၅၄၄,၀၀၀			၁၅,၀၀၀,၀၀၀	
၃၅	အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု	၎င်း			၂၃၇,၀၀၁,၆၀၀		၂၅၀,၄၀၀,၀၀၀					
၃၆	ဘဏ္ဍာရေးနှင့်အခွန်	၎င်း			၁,၆၂၆,၅၉၁,၄၀၀	၂၂,၂၂၁,၀၀၀			၈,၂၈၈၀,၀၀၀			
၃၇	ပင်စင်လစာငွေများနှင့် ဆုငွေများ	၎င်း			၅၀၁,၀၀၀							
	ပေါင်း ...		၂၁၄,၈၇၈,၉၂၀,၀၀၀	၂၁၉,၀၀၀,၆၆၅,၀၀၀	၄၁,၉၆၁,၆၂၀,၆၉၀	၂၂,၂၂၁,၀၀၀	၂၉၂,၃၀၀,၀၀၀	၂၁,၂၈၄၁,၀၀၀	၈,၂၈၈၀,၀၀၀	၁၀,၈၆၀,၀၀၀	၁၇,၇၅၀,၀၀၀	

ဇယား (၄)

ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ :

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ								
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ	သီးသန့်ရန်ပုံငွေ
							ထုတ်ချေးငွေ	ချေးယူရငွေအတွက် ပေးဆပ်ငွေ			
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	နိုင်ငံခြားရေး	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ	၄၄၀,၀၀၀,၀၀၀	...	၅၁၈,၂၀၀၀	၁၁၂၆၄၅၁၈၀					
၂	ကာကွယ်ရေး	၎င်း	၉၅၇၆၃,၀၂၀,၃၀၀	...	...	၅၅၀၉၈,၄၉၉,၀၀၀					
၃	တပ်မတော်ရေးရာ	၎င်း	၃၀၀,၀၀၀	...	...	...					
၄	နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး	၎င်း	၂၆၂၇,၀၀၀,၀၀၀	...	၆,၁၄၇,၀၀၀,၀၀၀	၁၄,၁၅၉,၈၆၇,၅၄၀					
၅	ပြည်ထဲရေး	၎င်း	၁၆,၁၃၂၀၀၀,၀၀၀	...	၂၅၄၉၄၇,၈၁၀	၁,၅၃၈၇၂၆,၇၁၀					
၆	လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား	၎င်း	၁,၂၇၁,၀၀၀,၀၀၀	...	...	၆၆,၉၀၈၆၁၃					
၇	သာသနာရေး	၎င်း	၇၇၆,၀၀၀,၀၀၀	...	၁၁၂၉၉၂၀၀၀	၁၈၅၉၉၁,၄၀၀					
၈	လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး	၎င်း	၉၁၀,၀၀၀,၀၀၀	...	၅၈,၈၇၀,၀၀၀	၁,၄၁၃,၇၁၂,၈၀၀					
၉	ပြန်ကြားရေး	၎င်း	၁,၂၉၉,၀၀၀,၀၀၀	...	...	၁,၇၀၉,၆၅၄,၇၀၀					
၁၀	ယဉ်ကျေးမှု	၎င်း	၅၇၂၀၀၀,၀၀၀	...	၅၈,၀၆၀	၂၀၃၅၆၉၉,၀၉၀					
၁၁	ပညာရေး	၎င်း	၄၄,၁၈၃,၀၀၀,၀၀၀	...	၁၀၇,၅၀၀	၁၁,၄၆၁,၇၅၀,၀၀၀					
၁၂	ကျန်းမာရေး	၎င်း	၁၃,၂၆၈,၀၀၀,၀၀၀	...	၃၃၂၁,၀၀၀	၇,၅၇၇,၅၁၆,၈၀၀					
၁၃	အားကစား	၎င်း	၉၀၂၅၀၀,၀၀၀	...	၁,၂၅၆၅,၀၀၀	၁,၀၇၉,၉၁၄,၆၀၁					
၁၄	အလုပ်သမား	၎င်း	၂၈၇,၅၀၀,၀၀၀	...	၁၆၅,၀၀၀	၁၀၈,၇၉၂,၄၅၀					
၁၅	သစ်တောရေးရာ	၎င်း	၃,၂၅၈,၀၀၀,၀၀၀	...	၅၄၀,၄၀၀	၁,၁၁၀,၀၀၆,၈၀၀					
၁၆	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း	၎င်း	၂၀,၀၄၃,၀၀၀,၀၀၀	...	၄၁၃,၀၀၀	၄၅၇၂၂၅၇၁၂၂၄					
၁၇	မွေးမြူရေးနှင့်ရေလုပ်ငန်း	၎င်း	၁,၀၇၉,၃၀၀,၀၀၀	၃,၁၃၀,၀၀၀	၄၃၂၆၀၀	၁,၄၉၈,၁၀၁,၀၀၀	...	၁,၀၂၁၆၀၀			
၁၈	သတ္တုတွင်း	၎င်း	၆၃၈,၀၀၀,၀၀၀	...	...	၁၀၆,၄၈၃,၀၀၀					
၁၉	အမှတ် (၁) စက်မှု	၎င်း	၂၁၈,၇၄၆,၀၀၀	...	...	၁၁၆,၅၆၀,၅၀၀					
၂၀	အမှတ် (၂) စက်မှု	၎င်း	၉၂၂၀၀,၀၀၀	...	...	၆၅,၁၀၀,၆၀၀					
၂၀	သိပ္ပံနှင့်နည်းပညာ	၎င်း	၂,၀၀၀,၅၀၀,၀၀၀	...	၁၇၀,၀၀၀	၁,၂၈၈၈,၁၀၉,၅၀၀					

ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ								
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ	သီးသန့်ရန်ပုံငွေ
							ထုတ်ချေးငွေ	ချေးယူရငွေအတွက် ပေးဆပ်ငွေ			
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၂၂	စွမ်းအင်	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ	၅၂,၁၀၀,၀၀၀	...	...	၆,၀၃၉,၀၀၀					
၂၃	လျှပ်စစ်စွမ်းအား	ရှင်း	၂,၀၃၃,၀၀၀,၀၀၀	...	...	၃၀,၃၁၅,၄၇၃,၃၉၀					
၂၄	ဆောက်လုပ်ရေး	ရှင်း	၁၀,၂၂၇,၈၀၀,၀၀၀	...	...	၇၆,၇၂၇,၅၄၁,၀၀၀					
၂၅	ပို့ဆောင်ရေး	ရှင်း	၁,၁၉၈,၆၀၀,၀၀၀	၈,၂၄၇,၇၅၀	၅၆၄,၅၀၀	၃၉,၄၇၄,၅၀၇,၇၂၀	...	၁၁၆,၆၉၉,၇၁၀			
၂၆	ရထားပို့ဆောင်ရေး	ရှင်း	၅၂၂,၀၀၀,၀၀၀	...	...	၄၄၀,၉၃၂,၇၀၀					
၂၇	ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း	ရှင်း	၃၄,၅၀၀,၀၀၀	...	၆၈၀,၀၀၀	၁၆,၄၄၄,၁၃၀					
၂၈	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	ရှင်း	၁၆၂,၀၀၀,၀၀၀	...	၂၂၀,၀၀၀	၂၄၀,၅၁၄,၀၀၀					
၂၉	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း	ရှင်း	၇၀,၀၀၀,၀၀၀	...	၉၀,၀၀၀	၂၀,၇၀၂,၅၀၀					
၃၀	သမဝါယမ	ရှင်း	၁,၃၈၁,၀၆၀,၀၀၀	...	...	၂၂၅,၂၂၀,၀၀၀					
၃၁	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု	ရှင်း	၁,၂၀၃,၀၀၀,၀၀၀	၅,၀၀၀	၂,၁၄၈,၀၀၀	၁,၄၂၂,၉၉၆,၂၀၀					
၃၂	ဘဏ္ဍာရေးနှင့်အခွန်	ရှင်း	၁,၉၅၇,၄၂၇,၀၀၀	၈,၂၃၂,၄၈၆,၀၀၀	၂၃၂,၄၈၂,၀၀၀	၃၃၂,၈၈၈,၃၀၀	...	၁၇၅,၂၇၆,၀၀၀	၁၇,၅၀၀,၀၀၀	၃၀,၀၀၀	
၃၃	ပင်စင်လစာငွေများနှင့် ဆုငွေများ	ရှင်း	၄,၄၉၉,၀၀၀,၀၀၀								
၃၄	ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ	ရှင်း	၁,၅၀၁,၀၀၀,၀၀၀								
၃၅	သီးသန့်ရန်ပုံငွေ	ဤရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့် ရရှိသော ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်က တာဝန်ပေးသူ									၁၀၀,၀၀၀,၀၀၀
	ပေါင်း ...		၂၃၁,၀၀၂,၅၅၄,၃၀၀	၈,၂၃၃,၈၆၈,၇၅၀	၆,၈၃၃,၁၄၈,၈၇၀	၃၀၇,၂၇၉,၈၉၁,၅၂၀	...	၂၉၂,၉၉၇,၃၁၀	၁၇,၅၀၀,၀၀၀	၃၀,၀၀၀	၁၀၀,၀၀၀,၀၀၀

နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

ယောင် (၅)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရင်းမြစ်များ								
			အခွန်အကောက်	နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ချေးလွှဲငွေရင်းရငွေ	ပြည်ပအကူအညီရငွေ	ကြေးမြို		အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ
									ထုတ်ချေးငွေအတွက် ပြန်ရငွေ	ချေးယူရငွေ	
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
၁	နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	ကျပ်	ကျပ်	ကျပ် ၈၅၉,၄၁၇,၃၃၉,၀၀၀	ကျပ်	ကျပ် ၂၃,၅၀၀,၀၀၀	ကျပ် ၁၄,၈၃၄,၀၀၀	ကျပ်	ကျပ် ၄၅၅,၄၀၉,၀၉၀,၀၀၀	ကျပ်
		ပေါင်း ...			၈၅၉,၄၁၇,၃၃၉,၀၀၀		၂၃,၅၀၀,၀၀၀	၁၄,၈၃၄,၀၀၀		၄၅၅,၄၀၉,၀၉၀,၀၀၀	

နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ						∗	
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင်ရင်းနှီးငွေ	စုဆောင်းငွေ
							ထုတ်ချေးငွေ	ချေးယူရငွေအတွက်ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁
၁	နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	ကျပ် ၇၈၈,၁၇၅,၆၀၉,၀၀၀	ကျပ်	ကျပ်	ကျပ် ၁၃၆,၄၀၈,၀၅၁,၁၈၀	ကျပ်	ကျပ် ၈၀,၂၅၇,၀၀၀	ကျပ်	ကျပ်
		ပေါင်း ...	၇၈၈,၁၇၅,၆၀၉,၀၀၀			၁၃၆,၄၀၈,၀၅၁,၁၈၀		၈၀,၂၅၇,၀၀၀		

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရင်းနှီးမြှုပ်နှံမှုများ									
			အဆောက်အကောက်	နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းများမှ ရင်းနှီးမြှုပ်နှံမှုများ	တခြားသာမန်ရင်းနှီးမြှုပ်နှံမှုများ	အတိုးရင်းနှီးမြှုပ်နှံမှုများ	ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုများ	ပြည်ပ အကူအညီ ရင်းနှီးမြှုပ်နှံမှုများ	ကြေးမြို		အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရင်းနှီးမြှုပ်နှံမှုများ	စုဆောင်းငွေ
									ထုတ်ချေးငွေ အတွက် ပြန်ရငွေ	ချေးယူရငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ			၁၀၇,၈၂၇,၀၀၀							
	ပေါင်း ...				၁၀၇,၈၂၇,၀၀၀							

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၈)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ							
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင်ရင်းနှီးငွေ	စုဆောင်းငွေ
							ထုတ်ချေးငွေ	ချေးယူရငွေအတွက်ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁
၁	ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	ကျပ် ၉၁၊၂၈၉၊၀၀၀	ကျပ်	ကျပ်	ကျပ် ၂၃၊၂၁၃၊၀၀၀	ကျပ်	ကျပ်	ကျပ်	ကျပ်
	ပေါင်း ...		၉၁၊၂၈၉၊၀၀၀			၂၃၊၂၁၃၊၀၀၀				

ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၏ နောက်ဆက်တွဲဇယား ၁

အခွန်မကျသင့်စေမည့် ကုန်စည်များ

အမှတ်စဉ်	ကုန်စည်အမျိုးအမည်
၆၆	နှိုင်ငံတော်အလံ။
၆၇	စိပ်ပုတီးအမျိုးမျိုး။
၆၈	ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ခွန်စက်အမျိုးမျိုး။
၆၉	ထင်းအစားထိုးလောင်စာတောင့်။
၇၀	အုန်းဆီ။
၇၁	ကြက်ဥ၊ ဘဲဥ စသည့် ဥအမျိုးမျိုး။
၇၂	ဖရုံစေ့၊ ဖရဲစေ့။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၂

၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

အမှတ်စဉ်	ကုန်စည်အမျိုးအမည်
၃၂	အသုံးမပြုရသေးသော အချိုရည်ဘူးခွံများ။
၃၃	အသုံးမပြုရသေးသော ရေသန့်ဘူးခွံများ။
၃၄	အသုံးမပြုရသေးသော စည်သွတ်ဘူးခွံများ။
၃၅	မုန့်ဟင်းခါးဖတ်၊ နန်းကြီး၊ နန်းပြား၊ ဆန်ကြာဆံ၊ ညှပ်ခေါက်ဆွဲ စသည်များ။
၃၆	မျိုးစေ့၊ မျိုးညအမျိုးမျိုး၊ ပျိုးကိုင်း၊ ပျိုးပင်၊ အပင်ပေါက် အမျိုးမျိုး။
၃၇	ခြင်နှိုင်ဆေး အမျိုးမျိုး။
၃၈	ဆန်မှုန့် (ကလေးအာဟာရမှုန့်)။
၃၉	ဆန်ဖြင့်ပြုလုပ်သော မုန့်ပဲသရေစာ အမျိုးမျိုး။
၄၀	ဆေးသနပ်ခါး အပါအဝင် သနပ်ခါးအတုံး၊ အရည်၊ အမှုန့်၊ အခဲ။
၄၁	ဝါး၊ ကြိမ် သို့မဟုတ် သင်္ခန့်ပြုလုပ်သောတူ၊ တောင်း၊ ခြင်း၊ ဖျာ၊ ဆန်ခါ၊ ဆန်ကော၊ ထရံ စသည့်လူသုံးကုန်ပစ္စည်းများ။
၄၂	ငါးဆားနယ် အမျိုးမျိုး။
၄၃	ပုစွန်ချဉ်၊ ငါးချဉ် အမျိုးမျိုး။
၄၄	ထန်းလျက်၊ ကြံသကာ။
၄၅	တိရစ္ဆာန်အစားအစာ (ကျွဲနွားအစာမှအပ)။
၄၆	ပိုးသတ်ဆေးမဟုတ်သည့် အပင်၊ အသီး၊ အပွင့်၊ အရွက်ဖျန်းဆေးအမျိုးမျိုး။
၄၇	ငါးဆုပ်ကြော်၊ ငါးမုန့်ကြော်၊ အသားလုံးကြော်၊ ပုစွန်လုံးကြော်၊ ပုစွန်ခြောက်ကြော်၊ ငါးပိကြော်။
၄၈	သရက်သီးသနပ်၊ မရမ်းသီးသနပ် စသည့် သနပ်အမျိုးမျိုး။
၄၉	ပုစွန်ခြောက်အကောင်/အမှုန့်၊ ငါးခြောက် အမျိုးမျိုး။
၅၀	ဝက်အူချောင်း၊ ကြက်အူချောင်း စသည့် အသားအူချောင်း အမျိုးမျိုး။
၅၁	ပဲနို့ရည်။
၅၂	ပဲကြာဆံ။
၅၃	အမွေးတိုင်၊ နံ့သာတိုင်များ။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၂

၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

အမှတ်စဉ်	ကုန်စည်အမျိုးအမည်
၁၄	အမျိုးသမီးလစဉ်ပုံမှန်သုံး သန့်ရှင်းမှုဆိုင်ရာ အသုံးအဆောင်များ။
၁၅	စဉ့်ဘိုး၊ မြေဘိုး။
၁၆	အသုံးမပြုရသေးသော သွားတိုက်ဆေးဘူးခွံများ။
၁၇	ပဲလော်၊ ပဲကြော်အမျိုးမျိုး။
၁၈	ဖရုံစေ့လော်၊ ဖရဲစေ့လော် (ကွာစေ့လော်)၊ နေကြာစေ့လော်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၃

၁၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

အမှတ်စဉ်	ကုန်စည်အမျိုးအမည်
၁၂၁	မီးသွေးမီးဖိုအမှုန်မှုန့်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။
၁၂၂	ဒီဇယ်မီးဖိုအမှုန်မှုန့်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။
၁၂၃	ဓာတ်ငွေ့ရည်သုံး မီးဖိုအမှုန်မှုန့်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။
၁၂၄	ဇလီဖားတုံး။
၁၂၅	သွားတိုက်ဆေး အမှုန်မှုန့်။
၁၂၆	သောက်ရေသန့်။
၁၂၇	သီဟိုဠ်စေ့။
၁၂၈	သစ်ကြားစေ့။
၁၂၉	လဲမို့၊ ဝါ၊ ရေမြှုပ်၊ ဖော့၊ အုန်းဆံ၊ စပရိန် စသည်တို့ဖြင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ။
၁၃၀	ရွှေချည်ထိုး၊ ငွေချည်ထိုးအထည်နှင့် အသုံးအဆောင် ပစ္စည်းများ။
၁၃၁	ခေါင်းလျှော်ရည် အမှုန်မှုန့်။
၁၃၂	ရော်ဘာပူဖောင်းနှင့် ရော်ဘာကွင်း (မျှော့ကွင်း၊ သားရေကွင်း)။
၁၃၃	ဖန်ပန်းအိုး၊ ဖန်ပန်းခွက်။
၁၃၄	ကော်ဖီမစ်၊ တီးမစ်၊ မိုင်လို၊ အိုဗာတင်း၊ ကွေကာအုပ် စသည် အသင့်ဖျော်သောက်သုံးဖွယ်ရာများ။

ဇယား (၁၂)

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၄

၂၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

အမှတ်စဉ်	ကုန်စည်အမျိုးအမည်
၈၉	ရွှေစင်၊ ရွှေ ပလက်တီနမ်။
၉၀	ဖော်စပ်ပြီးကွန်ကရစ်။
၉၁	ဖော်မီကာအမျိုးမျိုး။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၅

၂၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

အမှတ်စဉ်	ကုန်စည်အမျိုးအမည်
၅၂	ကားအလှဆင် ပစ္စည်းများ။
၅၃	ဖိုင်ဘာဖြင့်ပြုလုပ်သော အသုံးအဆောင်ပစ္စည်းများ။
၅၄	အလူမီနီယံဖြင့်ပြုလုပ်သော အသုံးအဆောင်ပစ္စည်းများ။
၅၅	ကွန်ပျူတာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၇

အခွန်ရာခိုင်နှုန်းနှင့် ယှဉ်တွဲဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည့် ဝန်ဆောင်မှုများ

အမှတ်စဉ်	ဝန်ဆောင်မှု အမျိုးအစား	အခြေပြု တွက်ချက်ရမည့်ငွေ	အခွန် ရာခိုင်နှုန်း
၆	ခရီးသွားလာရေးလုပ်ငန်း (ခရီးသွားလမ်းညွှန်သက်သက် လုပ်ကိုင်မှုများ အပါအဝင်)။	ခရီးလှည့်လည်သူ ထံမှရငွေစုစုပေါင်း	၅
၇	မော်တော်ယာဉ် ရေဆေး၊ ဆီထိုးလုပ်ငန်း။	ပစ္စည်းတန်ဖိုး အပါအဝင် ရငွေ စုစုပေါင်း	၁၀
၈	အသက်အာမခံလုပ်ငန်းမှ အပ အခြားအာမခံလုပ်ငန်း။	ပရီမီယံ ရငွေ စုစုပေါင်း	၅
၉	ဆံသအပါအဝင် အလှပြင် လုပ်ငန်း၊ ခန္ဓာကိုယ်အလှပြင် နှင့် ပြုပြင်လှေကျင့်မှုလုပ်ငန်း။	ပစ္စည်းတန်ဖိုး အပါအဝင် ရငွေ စုစုပေါင်း	၅
၁၀	ပုံနှိပ်လုပ်ငန်း၊ ကွန်ပျူတာစာစီ လုပ်ငန်းနှင့် ကွန်ပျူတာဒီဇိုင်း လုပ်ငန်း (ဓာတ်ပုံမိတ္တူကူး လုပ်ငန်းမပါဝင်။)	ရငွေ စုစုပေါင်း	၅

၁၉၂၇ ခုနှစ်၊ အလုပ်သမားလျော်ကြေး

အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖံ့ဖြိုးရေးကောင်စီ
၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၄/၂၀၀၅)

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၀၅ ခုနှစ်၊ မေလ ၁၁ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (စ) (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(i) any person employed otherwise than by way of manual labour whose monthly wages exceed the amount prescribed by notification made by the Ministry of Labour with the approval of the Government: or"

၃။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေတွင် ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) (၁) ၌ ပါရှိသော "Ks. 2,160 and Ks. 7,200"

ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) (၂) ၌ ပါရှိသော "two hundred kyats" ဆိုသည့် စကားရပ်ကို လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ခ) (၁) ၌ပါရှိသော "Ks. 3,024 and Ks. 10,080" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) (၂) ၌ ပါရှိသော"twelve hundred kyats" ဆိုသည့် စကားရပ်ကိုလည်းကောင်း ၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (၁) ၏ ခြွင်းချက်၌ ပါရှိသော "one hundred kyats" ဆိုသည့် စကားရပ်ကိုလည်းကောင်း "the amount of compensation prescribed by notification made by the Ministry of Labour with the approval of the Government" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဃ) (၂) ၌ပါရှိသော "subject to a maximum of thirty kyats" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (၂) ၌ ပါရှိသော "ten kyats" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (၄) ၌ ပါရှိသော "twenty-five kyats" ဆိုသည့် စကားရပ်ကို လည်းကောင်း၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (၁) ၏ ပထမခြွင်းချက်၌ ပါရှိသော "three hundred kyats" ဆိုသည့် စကားရပ်ကိုလည်းကောင်း "the amount of money prescribed by notification made by the Ministry of Labour with the approval of the Government" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၆။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေ ပုဒ်မ ၁၈–က၊ ပုဒ်မခွဲ (၁) ၌ ပါရှိသော "shall be punishable with fine which may extend to one hundred kyats " ဆိုသည့် စကားရပ်ကို "shall be punishable with fine which may extend to kyats 10,000" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ

အမှတ် ၅ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင် ထားသော ရေယာဉ်နှင့်လေယာဉ် တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေအရ စီရင် ပိုင်ခွင့် ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) လူကုန်ကူးမှု ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုသည် -

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနှိုင်အထက်ပြုခြင်း၊

(၂) သွေးဆောင်ခေါ်ယူခြင်း၊

(၃) လိမ်လည်ခြင်း၊

(၄) လှည့်ဖြားခြင်း၊

(၅) အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊

(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နှိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း။

ရှင်းလင်းချက်(၁)။ ခေါင်းပုံဖြတ်ခြင်း ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦး တစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်ခြင်း၊ အဓမ္မအလုပ်ခိုင်း

စေခြင်း၊ အဓမ္မ ဇိန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ သူတစ်ပါး ခန္ဓာကိုယ်၏ အင်္ဂါအစိတ် အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါဝင်သည်။

ရှင်းလင်းချက်(၂)။ ပြည့်တန် ဆာပြုခြင်း ဆိုသည်မှာ ငွေကြေး၊ အကျိုးအမြတ် သို့မဟုတ် အခြား အဖိုးစားနားတစ်ခုခုအတွက် ကာမစပ်ယှက်ရန် သို့မဟုတ် ကာမရာဂစိတ် ပေါ်ပေါက်ရန်အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးကို အခြားတစ်ဦးက တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ဆက်ဆံခြင်း သို့မဟုတ် အစီ အစဉ် ချမှတ်ဆောင်ရွက်ခြင်းကို ဆိုသည်။

ရှင်းလင်းချက်(၃)။ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း ဆိုသည်မှာ ကြွေးမြီအတွက် ပေးဆပ်သည့်အနေဖြင့်ဖြစ်စေ၊ ကြွေးမြီအတွက် အာမခံပေးသည့်အနေဖြင့်ဖြစ်စေ အလုပ်လုပ်ကိုင်ပေးရမည့်ကာလနှင့် လုပ်ငန်း

အမျိုးအစား တိကျမှုမရှိဘဲ သို့မဟုတ် ကြွေးမြီ ပြေကျေသည့်အထိ သင့်လျော်သည့် လုပ်အားတန်ဖိုးကို သတ်မှတ်ချက် မရှိဘဲ အလုပ်လုပ်ကိုင်ပေးစေခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်းကို ဆိုသည်။

(ခ) ညစ်ညမ်းသည့်ပုံပြသခြင်း ဆိုသည်မှာ ကာမရာဂစိတ်နှိုးကြွစေရန်အလို့ငှာ ဖိုမဆက်ဆံမှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လိင်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ ကိုယ်တိုင်ပြသခြင်း၊ အမှုအရာပြုလုပ်ပြသခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ရုပ်ရှင်ရိုက်ကူးပြသခြင်း သို့မဟုတ် ခေတ်မီနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ပြသခြင်းကို ဆိုသည်။

(ဂ) လူကုန်ကူးခံရသူ ဆိုသည်မှာ လူကုန်ကူးမှုကျူးလွန်ခြင်းခံရသူကို ဆိုသည်။

(ဃ) ကိုဏ်းဖွဲ့ကျူးလွန်သူအုပ်စု ဆိုသည်မှာ ငွေကြေး သို့မဟုတ် ပစ္စည်းနှင့်စပ်လျဉ်းသည့် အကျိုးအမြတ် တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိရန်အလို့ငှာ ကြီးလေးသောပြစ်မှုကို ကျူးလွန်ရန် လူ ၃ ဦးနှင့် အထက်ပါဝင်၍ အချိန်ကာလတစ်ခုအတွက် ပုံစံတကျဖွဲ့စည်းထားသော အုပ်စု ကို ဆိုသည်။

ရှင်းလင်းချက်။ ပုံစံတကျဖွဲ့စည်းထားသောအုပ်စု ဆိုသည်မှာ ပြစ်မှုကို လတ်တလော ကျူးလွန်ရန် ရည်ရွယ်ချက်မဲ့ ကြုံရာကျပန်း ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ

ပြစ်မှုကျူးလွန်ရန် စီရည်ရွယ်ချက်ဖြင့် ပုံစံတကျ ကြိုတင်ဖွဲ့စည်းထားသည့် အုပ်စုကို ဆိုသည်။ ယင်းသို့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ အဖွဲ့ဝင်အဖြစ် ဆက်လက်ရပ်တည် နိုင်ခွင့်နှင့် အုပ်စု တိုးချဲ့ဖွဲ့စည်းမှု အတွက် သတ်မှတ်ချက်များ နည်းလမ်းတကျ ရှိရန်မလို။

(ဂ) ကြီးလေးသောပြစ်မှု ဆိုသည်မှာ တည်ဆဲ ဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ် ၄ နှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကို ဆိုသည်။

(စ) နိုင်ငံဖြတ်ကျော်မှုခင်း ဆိုသည်မှာ တစ်နိုင်ငံထက်ပိုသော နိုင်ငံ များတွင် ကျူးလွန်သော ပြစ်မှုကိုသော်လည်းကောင်း၊ နိုင်ငံတစ်ခုတွင် ကျူးလွန်ထားသောပြစ်မှု၏ အရေးကြီးသော အစိတ်အပိုင်းများကို အခြားနိုင်ငံတစ်ခုခုတွင် ပြင်ဆင်ခြင်း၊ စီမံခြင်း၊ ညွှန်ကြားခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပြုသော ပြစ်မှုကိုသော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများသည် အခြားနိုင်ငံတစ်ခုခု၏ ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုတွင် ပါဝင်ခြင်းနှင့် နိုင်ငံတစ်ခုတွင် ပြစ်မှုကျူးလွန်ရာ၌ အခြားနိုင်ငံ တစ်ခုခုကို ထိခိုက်နစ်နာစေသောပြစ်မှုကိုသော်လည်းကောင်း ဆိုသည်။

(ဆ) ထိန်းချုပ်ဖော်ထုတ်ခြင်း ဆိုသည်မှာ တရားမဝင်သော သို့မဟုတ် သက်ာမကင်းဖွယ်ရာဖြစ်သောပစ္စည်း သို့မဟုတ် လူပုဂ္ဂိုလ်ကို မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၏ ပိုင်နက်နယ်မြေအတွင်းသို့ဖြစ်စေ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊

ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်းတို့ကို စစ်ဆေးတွေ့ရှိသည့်အခါ အဓိကကျူးလွန်သူများအား ဖော်ထုတ်အရေးယူရန်အလို့ငှာ သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့်ထိန်းချုပ်၍ ၎င်းတို့၏ အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်စေသည့် နည်းစနစ်ကို ဆိုသည်။

(၈) ပစ္စည်း ဆိုသည်မှာ မည်သည့်ပုံစံဖြင့်မဆို ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည် ဖြစ်စေ ရွှေ့ပြောင်းနိုင်သည့် သက်ရှိသက်မဲ့ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကိုသော် လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့်စပ်လျဉ်းသည့် ပိုင်ဆိုင်ခွင့်ဆိုင်ရာ တရားဝင်စာတမ်းအမှတ်အသား၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းနှင့် အကျိုးအမြတ်များလည်း ပါဝင်သည်။

(၈၂) ထောင်ဒဏ်တစ်သက် ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကို ဆိုသည်။

(၈၃) ကလေးသူငယ်ဆိုသည်မှာ အသက် ၁၆ နှစ် မပြည့်သေးသောသူကို ဆိုသည်။

(၈၄) လူငယ် ဆိုသည်မှာ အသက် ၁၆ နှစ် ပြည့် ပြီး အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။

(၈၅) ဗဟိုအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာလူမျိုးတို့၏ တန်ဖိုးထားစောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသည့် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်နှိမ်နင်းရန်၊

(ခ) လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအတွက် အလေးဂရုပြု၍ ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) လူကုန်ကူးမှုကို ကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်နှင့် ဥပဒေနှင့်အညီ ပြင်းထန်ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တားဆီးကာကွယ်ရန်၊

(ဃ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်း၊ အစိုးရအဖွဲ့အစည်း အချင်းချင်း ဖွဲ့စည်းထားသောအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရန်၊

(င) လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်။

ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ (က) အစိုးရအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟို အဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့က ဒုတိယ ဥက္ကဋ္ဌများ အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်က အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ အောက်ပါပုဂ္ဂိုလ်များအနက်မှ သင့်လျော်သူများအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်း ရမည်-

(၁) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ အကြီး အကဲများ၊

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ် များ၊

(၃) သက်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ။

(ခ) ဗဟိုအဖွဲ့ဥက္ကဋ္ဌသည် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သူကို တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန် ပေးအပ်နိုင်သည်။

၆။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ နိုင်ငံတော်၏မူဝါဒ နှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် အစိုးရအဖွဲ့သို့ အကြံပြု တင်ပြခြင်း၊

(ခ) မိမိ၏လုပ်ငန်း တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်မည့် လိုအပ်သောလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဂ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဃ) လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ကျွမ်းကျင်သူများပါဝင်သော အဖွဲ့များဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့် အခြေခံအချက်အလက်များ ရရှိနိုင်ရေးအတွက် လေ့လာစိစစ်ရေးအဖွဲ့နှင့် အကဲဖြတ်အဖွဲ့တို့ကို လိုအပ်သည့် ကျွမ်းကျင်သူ များပါဝင်၍ ကဏ္ဍအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(စ) လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေး လုပ်ငန်းများအတွက် လိုအပ်သောအစီအစဉ်များ ချမှတ်ပေးခြင်း၊

(ဆ) လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေးနှင့် အကူအညီပေးရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်လျှင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပ

နိုင်ငံများ၊ ပြည်တွင်းပြည်ပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကူအညီရယူခြင်း၊

(ဇ) ဤဥပဒေပါ ပြစ်မှုနှင့် သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရေးနှင့် စပ်လျဉ်း၍ လိုအပ်သလို ညွှန်ကြားခြင်း၊

(စျ) ဤဥပဒေအရ သက်သေခံအဖြစ် သိမ်းဆည်းသော ပြစ်မှုနှင့် သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ လိုအပ်ပါက ဝရမ်းကပ် ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်း၊ တရားစွဲဆိုသည့်ပြစ်မှုတွင် သက်ဆိုင်ရာ တရားရုံးက ချမှတ်သော အပြီးသတ် ဆုံးဖြတ်ချက်နှင့်အညီ လိုအပ်သလို စီမံခန့်ခွဲခြင်း၊

(ည) ဤဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံခြင်း၊

(ဋ) လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းအဖွဲ့များကို သင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည့်အပြင် အခြားလိုအပ်သော လုပ်ငန်း အဖွဲ့များကိုလည်း ဖွဲ့စည်းနိုင်သည် -

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊

(ခ) ဒုတိယရှေ့နေချုပ်ဦးဆောင်သော ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊

(ဂ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့။

အခန်း (၄)

လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ

၈။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လူကုန်ကူးမှုကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအဖွဲ့က အတည်ပြုထားသော စီမံချက်များနှင့်အညီ လုပ်ငန်းအဖွဲ့ခွဲများဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) လူကုန်ကူးမှုကြိုတင်တားဆီးကာကွယ်ရေးအတွက် လူကုန်ကူးမှုအန္တရာယ်နှင့်နောက်ဆက်တွဲ ဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်းနှင့် သတင်းဖြန့်ချိခြင်းဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ခြင်း၊

(ဂ) လူကုန်ကူးမှုတားဆီးကာကွယ်ရေး အစီအစဉ်များချမှတ်ပြီး ပြည်တွင်းပြည်ပကွန်ရက်ထူထောင် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်း၊

(ဃ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(င) လူကုန်ကူးမှုမျှားကို ကြိုတင်တားဆီးကာကွယ်ရေးနှင့် ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် အထူးလေ့ကျင့်ထားသည့်တပ်ဖွဲ့ ထူထောင်နိုင်ရန် ကြိုးကြပ်ဆောင်ရွက်ခြင်း၊

(စ) လူကုန်ကူးမှုမျှားကို စုံစမ်းဖော်ထုတ်ရာတွင် လိုအပ်ချက်အရ ထိန်းချုပ်ဖော်ထုတ်ခြင်းနည်းစနစ်ကို အသုံးပြုနိုင်ရန် တင်ပြလာသည့်အခါ စိစစ်ခွင့်ပြုခြင်းနှင့်လိုအပ်ပါက ပြည်ပနိုင်ငံများနှင့်ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) လူကုန်ကူးခံရသူမျှား၊ အထူးသဖြင့် အမျိုးသမီးမျှား၊ ကလေးသူငယ်နှင့် လူငယ်မျှားအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဇ) လူကုန်ကူးခံရပြီး မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် နိုင်ငံခြားသားများအား သတ်မှတ်ချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စျ) လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကို တာဝန်ယူဆောင်ရွက်မည့် ပုဂ္ဂိုလ်များအား လိုအပ်သည့် လေ့ကျင့်ပညာပေးမှုများ စီစဉ်ဆောင်ရွက်ခြင်း၊

(ည) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကို ရယူခြင်း၊

(၄) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအကြား သဘောတူညီချက်များ ချုပ်ဆိုရေးတို့အတွက် ဗဟိုအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(၅) ဗဟိုအဖွဲ့ကပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လူကုန်ကူးမှုများကို တားဆီးကာကွယ်ခြင်းနှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ရေးနှင့် လူကုန်ကူးခံရသူများ၏ ဂုဏ်သိက္ခာနှင့်လုံခြုံမှုတို့အတွက် သက်ဆိုင်သည့် အချက်အလက်များ၏ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ရေးအတွက် လိုအပ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ၏ မူကြမ်းများကို ရေးဆွဲ၍ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လူကုန်ကူးမှုကျူးလွန်သူများကို ထိရောက်ပြင်းထန်သော ပြစ်ဒဏ်ချမှတ်နိုင်ရန် ဥပဒေနှင့်အညီ ခိုင်လုံသောအထောက်အထားများဖြင့် တရားစွဲဆိုတင်ပို့စေရေးအတွက် သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ တရားစွဲဆိုမှုများတွင် လူကုန်ကူးခံရသူများနှင့် သက်သေများ၏လုံခြုံမှုကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံဖြတ်ကျော်မှုခင်းအဖြစ် ကျူးလွန်သည့် လူကုန်ကူးမှုမျာ
နှင့်စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီပေးရန် သို့မဟုတ်
အကူအညီရယူရန် လိုအပ်ပါက ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(င) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှုတားဆီး
ကာကွယ်ရေးအဖွဲ့အဆင့်ဆင့်နှင့် ဆက်သွယ် ညှိနှိုင်းဆောင်
ရွက်ခြင်း၊

(စ) ဤဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လိုအပ်
သောသင်တန်းအစီအစဉ်နှင့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်
များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး
အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရ
မဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကို ရယူခြင်း၊

(ဇ) ဗဟိုအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို
ဆောင်ရွက်ခြင်း။

၁၀။ လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့
ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့၏ လုပ်ငန်း
တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံပြီး ဇာတိနေရပ်သို့
ပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာ မိသားစု၏ အခြေ
အနေကို စုံစမ်းမှုပြုလုပ်ခြင်း၊ ပြန်လည်ပို့ဆောင်ခြင်း၊ လူကုန်
ကူးခံရသူတို့အား ယင်းတို့၏ သဘောတူညီချက်ဖြင့် ဆေး
စစ်ဆေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပြောပေးခြင်းနှင့် အခြား
လိုအပ်သော ကူညီထောက်ပံ့မှုပေးခြင်းတို့အတွက် သက်ဆိုင်
ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့
အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊

(ခ) လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးအတွက် ပညာရေးနှင့် ကျွမ်းကျင်မှုအခြေခံသော အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့ကို စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်နှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဤဥပဒေအရ တည်ထောင်ထားသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေး ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(င) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကိုရယူခြင်း၊

(စ) ဗဟိုအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း (၅)

လူကုန်ကူးခံရသူ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း

၁၁။ လူကုန်ကူးခံရသူများ၏ ဂုဏ်သိက္ခာကို ထိခိုက်မှုမရှိစေရန်အလို့ငှာ-

(က) သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေပါ လူကုန်ကူးမှုနှင့် စပ်လျဉ်းသော ပြစ်မှုများကို စစ်ဆေးစီရင်ရာတွင် လူကုန်ကူး

ခံရသူသည် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များဖြစ်ပါက ကာယိန္ဒြစောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရရှိစေရန် အများပြည်သူရှေ့တွင်မဟုတ်ဘဲ သီးသန့်ရုံးခန်းတွင် စစ်ဆေးစီရင်ရမည်။

(ခ) လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ မည်သည့်စုံစမ်းစစ်ဆေးမှု၊ တရားစွဲတင်မှုနှင့် တရားစီရင်မှုအဆင့်တွင်မဆို သက်ဆိုင်ရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ သတင်းဖြန့်ချိရမည်။

(ဂ) ဤအမှုနှင့် မသက်ဆိုင်သူများကို အမှုတွဲပါ စာရွက်စာတမ်းများ ကြည့်ရှုကူးယူခွင့်မပြုရ။

၁၂။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူမှာ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များဖြစ်ပါက ကာယိန္ဒြစောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိစေရန် လိုအပ်သည့် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးရမည်။

၁၃။ ဗဟိုအဖွဲ့သည် -

(က) လူကုန်ကူးခံရသူအား ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အရေးယူခြင်း မပြုရ။

(ခ) လူကုန်ကူးမှုမှ တိုက်ရိုက်အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော အခြားပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူအား အရေးယူရန် သင့်မသင့် ဆုံးဖြတ်ပေးရမည်။

(ဂ) ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် လူကုန်ကူးခံရသူမှာ မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသူဖြစ်ပါက ယင်းအား အမြဲတမ်းနေထိုင်ခွင့်ရရှိရေး၊ လုံခြုံရေးနှင့် ၎င်း၏ အခြေအနေ အဆင့်အတန်းအတွက် ကာကွယ်ပေးရမည်။

၁၄။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူ၏ ဘဝလုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည့်အပြင် ၎င်းတို့အား နေရပ်သို့ပြန်လည်ပို့ဆောင်ရေးနှင့် အခြေချနေထိုင်ရေးတို့ကို ၎င်းတို့၏ဆန္ဒနှင့်အညီ ဖြစ်နိုင်သမျှ စီစဉ်ဆောင်ရွက်ပေးရမည်။

၁၅။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုကျူးလွန်သူကို တရားစွဲဆိုသည့် စစ်ဆေးစီရင်မှုတွင် သက်သေခံချက်ပေးမည့် လူကုန်ကူးခံရသူ နိုင်ငံခြားသားအား မြန်မာနိုင်ငံတွင် ယာယီနေထိုင်ခွင့်ပြုရေးနှင့် စစ်ဆေးပြီးပါက သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ဆောင်ရွက်ပေးရမည်။

အခန်း (၆)

လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား အထူးကာကွယ်စောင့်ရှောက်ခြင်း

၁၆။ ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များသည် လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များနှင့် စပ်လျဉ်း၍ -

(က) ယင်းတို့၏ ဂုဏ်သိက္ခာနှင့် မည်သူမည်ဝါဖြစ်ကြောင်း သိသာထင်ရှားစေခြင်းကို အထူးကာကွယ်စောင့်ရှောက်ရမည့်အပြင် လိုအပ်သောလုံခြုံမှုနှင့် အကူအညီများကို ပေးရမည်။

(ခ) ယင်းတို့အတွက် အကောင်းဆုံး အခြေအနေဖြစ်ကြောင်း စိစစ်တွေ့ရှိပါက မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ရန် ဆောင်ရွက်ပေးရမည်။

(ဂ) မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ရန် အခြေအနေမပေးသည့်အခါတွင်ဖြစ်စေ၊ ပြန်လည်ပို့ဆောင်ရန် မသင့်လျော်သော အခြေအနေရှိသည့်အခါတွင်ဖြစ်စေ

အခြားသင့်လျော်၍ လုံခြုံစိတ်ချရသည့် ကာကွယ်စောင့်ရှောက်မှုများကို စီစဉ်ပေးရမည်။

(ဃ) အသက်အရွယ်နှင့် ရင့်ကျက်မှုအလိုက် ၎င်းတို့၏ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှု၊ လွတ်လပ်စွာရွေးချယ်မှုတို့ကို အလေးထား၍ စီစဉ်ဆောင်ရွက်ပေးရမည်။

(င) ယင်းတို့၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်း၊ ပညာရေးနှင့် ကျွမ်းကျင်မှုအခြေခံသော အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊ ယင်းတို့၏ သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းတို့ကို အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်။

(စ) ယင်းတို့နှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိခြင်းဖြင့် အကာအကွယ်ပေးရမည်။

၁၇။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုကျူးလွန်သူများအား ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုနေသည့်ကာလအတွင်းတွင်ဖြစ်စေ၊ လူကုန်ကူးခံရသူက လူကုန်ကူးခံရမှုကြောင့် မတရားနစ်နာဆုံးရှုံးရခြင်းအတွက် နစ်နာကြေးရရှိလိုမှု စွဲဆိုနေသည့်ကာလအတွင်းတွင်ဖြစ်စေ၊ လူကုန်ကူးခံရသူအမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များ၏ လုံခြုံမှုနှင့် အခြားလိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုအစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးရမည်။

၁၈။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူအမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်ထမ်းဆောင်သောပုဂ္ဂိုလ်များကို လိုအပ်သည့်သင်တန်းများနှင့် လေ့ကျင့်မှုများ ပြုလုပ်ပေးရန် အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။

အခန်း (၇)

လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း

၁၉။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့စေခြင်း၊ ပြန်လည်ပေါင်းစည်းပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ရမည် -

(က) လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေးအတွက် လိုအပ်သည့် ညှိနှိုင်းမှုများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) လူကုန်ကူးခံရသူများ ယာယီနေထိုင်ရန် လုံခြုံမှုရှိသော နေရာသို့မဟုတ် သင့်လျော်သည့်နေအိမ်စီစဉ်ပေးခြင်း၊

(ဂ) လူမှုရေးဆိုင်ရာ ပြန်လည်ပျိုးထောင်ပေးခြင်း၊

(ဃ) လူကုန်ကူးခံရသူက မိမိ၏နစ်နာမှုအတွက် တရားမကြောင်းစွဲဆိုမှုတွင် လိုအပ်ပါက ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေအရာရှိအား အမှုတွင်လိုက်ပါဆောင်ရွက်ပေးရန် ရှေ့နေချုပ်ရုံးသို့ မေတ္တာရပ်ခံပေးခြင်း သို့မဟုတ် စကားပြန်ဖြင့် ကြားနာစစ်ဆေးနိုင်ရန် အကူအညီပေးခြင်း၊

(င) လူကုန်ကူးခံရသူက သက်သေခံချက်ပေးသည့်အခါတွင်ဖြစ်စေ၊ အမှုရင်ဆိုင်သည့်အခါတွင်ဖြစ်စေ လုံခြုံရေးအစီအစဉ်များ ချမှတ်ပေးခြင်းနှင့် အခြားရထိုက်သည့် အခွင့်အရေးများရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) လူကုန်ကူးခံရသူ၏ သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊

(ဆ) လူကုန်ကူးခံရသူများ၏ ဘဝရပ်တည်နိုင်ရေးအတွက် ပညာရေးနှင့် ကျွမ်းကျင်မှုအခြေခံသော အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးဆိုင်ရာအခွင့်အလမ်းများ စီစဉ်ပေးခြင်း။

၂၀။ ပြည်ပနိုင်ငံများတွင်ရှိသော မြန်မာသံရုံးများမှ တာဝန်ရှိသူများသည် ပြည်ပနိုင်ငံတွင် ရောက်ရှိနေသော လူကုန်ကူးခံရသူ မြန်မာနိုင်ငံသားများသို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားများအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ စီစဉ်ဆောင်ရွက်ပေးရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို နိုင်ငံတော်က ကျခံနိုင်သည်။

အခန်း (၈)

ရန်ပုံငွေထူထောင်ခြင်း

၂၂။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အသုံးပြုရန်အလို့ငှာ -

(က) နိုင်ငံတော်က ထောက်ပံ့သောငွေကြေးနှင့် ပြည်တွင်းပြည်ပမှ လှူဒါန်းသော ငွေကြေးများကို ရန်ပုံငွေတစ်ရပ်အဖြစ် ထူထောင်နိုင်သည်။

(ခ) နိုင်ငံတော်က ထောက်ပံ့သောပစ္စည်းများနှင့် ပြည်တွင်းပြည်ပမှ လှူဒါန်းသော ပစ္စည်းများကို လက်ခံ၍ လိုအပ်သလို စီမံခန့်ခွဲနိုင်သည်။

၂၃။ ပဟိုအဖွဲ့သည်

(က) ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ထောက်ပံ့လှူဒါန်းထားသော ပစ္စည်းများစီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း လုပ်ထုံးလုပ်နည်းများကို စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က)ပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုထားရှိပြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

အခန်း (၉)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၅။ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့်လူငယ်များမှအပ အခြားသူတစ်ဦးဦးကို လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အံနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) လူကုန်ကူးမှု ကျူးလွန်ရန်အလို့ငှာ လိမ်လည်လှည့်ဖြား၍ သူတစ်ဦးဦးအား မွေးစားခြင်း သို့မဟုတ် ထိမ်းမြား လက်ထပ်ခြင်း၊

(ခ) လူကုန်ကူးခံရသူကို ပြည်ပသို့ ထွက်ခွာနိုင်ရန်ဖြစ်စေ၊ ပြည်တွင်းသို့ ဝင်ရောက်နိုင်ရန်ဖြစ်စေ လိုအပ်သော စာရွက်စာတမ်းအထောက်အထား၊ စာတမ်းအမှတ်အသား သို့မဟုတ် တံဆိပ်ကို အတုပြုလုပ်ခြင်း သို့မဟုတ် တရားမဝင်ရယူ ပေးခြင်း။

၂၇။ မည်သူမဆို ညစ်ညမ်းသည့်ပုံ ပြသခြင်းပြုရေးအတွက် လူကုန်ကူးခံရသူကို ခိုင်းစေခြင်း သို့မဟုတ် စီစဉ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၈။ မည်သူမဆို -

(က) ပုဒ်မ ၂၄ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူ အုပ်စုဖြင့် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်အနှစ် ၂၀ မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ သို့မဟုတ် ပုဒ်မ ၂၇ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဖြင့် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(၈) ဂိုဏ်းဖွဲ့ကျူးလွန်သူ အုပ်စုတွင်အဖွဲ့ဝင်မြစ်ကြောင်း ပေါ်ပေါက်လျှင် ထိုသူသည် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည် ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၂၉။ မည်သူမဆို လူကုန်ကူးမှုကို ကျူးလွန်ရာတွင် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဇ) ပါ ကြီးလေးသော ပြစ်မှုကိုလည်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သည့် ပြည်သူ့ဝန်ထမ်းမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ စစ်ဆေးစီရင်ခြင်းပြုရာတွင် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေးနှင့်ပစ္စည်း တစ်စုံတစ်ရာကို တောင်းခံခြင်း သို့မဟုတ် လက်ခံရယူခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၃ နှစ်မှ အများဆုံးထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၁။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံခဲ့ရလျှင် ထပ်မံ ကျူးလွန်သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံး ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၃၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် ပြင်ဆင်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း ပြုလျှင်ဖြစ်စေ၊ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရန် သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း တစ်ခုခုပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၃၃။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့်အမိန့် ချမှတ်ရမည်။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသောငွေကြေးမှ သို့မဟုတ် ပစ္စည်းရောင်းရငွေမှဖြစ်စေ၊ ငွေဒဏ်မှဖြစ်စေ လူကုန်ကူးခြင်းခံရသူအား နှစ်နာကြေးပေးသည့် အမိန့်ချမှတ်နိုင်သည်။

အခန်း (၁၀)

အထွေထွေ

၃၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာသို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

၃၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သော ရုံးအဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၃၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ လူကုန်ကူးမှုနှင့်သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၃၇။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ပေးထားသော အဖွဲ့တစ်ခုခု၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ပို) သန်းဌေး
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရန်ကုန်မြို့တော်
လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖံ့ဖြိုးရေးကောင်စီ

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖံ့ဖြိုးရေးကောင်စီဥပဒေ

အမှတ် ၆/၂၀၀၅)

၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

(၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) လျှပ်စစ်ဓာတ်အားဆိုသည်မှာ ရေနွေးငွေ့သုံးစက်မှုဖြစ်စေ၊ ရေအားသုံးစက်မှုဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံးစက်မှု ဖြစ်စေ၊ သဘာဝဓာတ်ငွေ့သုံးစက်မှုဖြစ်စေ၊

အကုမြူးစွမ်းအင်သုံးစက်မှုဖြစ်စေ၊ နေရောင်ခြည်စွမ်းအင်သုံးစက်မှုဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ဖြစ်စေ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်။

(ခ) လျှပ်စစ်ဓာတ်အားလုပ်ငန်းဆိုသည်မှာ လျှပ်စစ်ဓာတ်အား ရှာဖွေခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်း လုပ်ငန်းများကို ဆိုသည်။

(ဂ) ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး နယ်နိမိတ်ဆိုသည်မှာ ဤဥပဒေပါ ကိစ္စအလို့ငှာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော နယ်နိမိတ်ကို ဆိုသည်။

(ဃ) လျှပ်စစ်ဓာတ်အား သုံးစွဲသူဆိုသည်မှာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ပိုင် လျှပ်စစ်ဓာတ်အားကို အသုံးပြုသည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(င) ဖြန်းတီးမှုပြုလုပ်ခြင်းဆိုသည်မှာ အဖွဲ့အား နစ်နာစေရန် ရည်ရွယ်၍ လျှပ်စစ်ဓာတ်အားကို အလဟဿ ကုန်ခန်းဆုံးရှုံး စေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကို ဆိုသည်။

(စ) အဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ဆိုသည်။

အခန်း (၂)
အဖွဲ့ ဖွဲ့စည်းခြင်း

၃။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် –

(က) ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားဖြန့်ပေးရေး နယ်နိမိတ်အတွင်း လျှပ်စစ်ဓာတ်အား လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်သူ ပညာရှင်များ၊ သင့်လျော်သော နိုင်ငံသားများဖြင့် အဖွဲ့ဝင် အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၅ ဦးအထိ ပါဝင်သည့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) အဖွဲ့ကိုဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။

(ဂ) အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဃ) အဖွဲ့ဝင်များ ခံစားရမည့် လစာနှင့် အခကြေးငွေကို သတ်မှတ် ပေးရမည်။

၄။ အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးအား တိုက်ရိုက် တာဝန်ခံရမည်။

၅။ အဖွဲ့၏ တွဲဖက်အတွင်းရေးမှူးသည် ရုံးအကြီးအကဲဖြစ်သည်။

၆။ အဖွဲ့သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆို ခံနိုင်ခွင့်တို့ ရှိစေရမည်။

အခန်း (၃)
အဖွဲ့၏ လုပ်ငန်းတာဝန်များ

၇။ အဖွဲ့သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး နယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် –

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ရန်ကုန်မြို့တော်အား နိုင်ငံတကာအဆင့်နှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် လျှပ်စစ်ဓာတ်အားကဏ္ဍတိုးတက်မြင့်မားစေရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အား သုံးစွဲသူများ လိုအပ်သော လျှပ်စစ်ဓာတ်အားကို လုံလောက်စွာ ရရှိစေရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဃ) လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မရှိစေရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားခများ အပြည့်အဝ ကောက်ခံရရှိစေရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(င) လျှပ်စစ်ဓာတ်အားကို သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးတို့ဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲသူများထံသို့ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ဖြန့်ဖြူးပေးခြင်း၊

(စ) လျှပ်စစ်ဓာတ်အား သုံးစွဲသူထံမှ လျှပ်စစ်ဓာတ်အားခ တောင်းခံရရှိရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဆ) အဖွဲ့ပိုင်လျှပ်စစ်ဓာတ်အား လုပ်ငန်းကို စစ်ဆေးခြင်း၊ အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ စစ်ဆေးစေခြင်း၊

(ဇ) လျှပ်စစ်ဓာတ်အား အသုံးပြုခြင်းကို စစ်ဆေးခြင်း၊ အဖွဲ့ ဖွဲ့စည်း၍ ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ စစ်ဆေးစေခြင်း၊

(စျ) အဖွဲ့၏ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်ရေးနှင့် လုပ်ငန်းခွင် စည်းကမ်းလိုက်နာရေးတို့ကို စီမံဆောင်ရွက်ခြင်း၊

(ည) အဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဋ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း (၄)
အဖွဲ့၏ လုပ်ပိုင်ခွင့်များ

၈။ အဖွဲ့သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်အတွင်း အောက်ပါတို့ကို လုပ်ပိုင်ခွင့်ရှိသည် –

(က) လျှပ်စစ်ဓာတ်အားလုပ်ငန်းများ ဆော်ဒ်ရွက်ခြင်း၊

(ခ) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက သတ်မှတ်သည့် နှုန်းထားဖြင့် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဝယ်ယူခြင်း၊

(ဂ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှပ်စစ် ဓာတ်အားခ နှုန်းထားများကို သတ်မှတ်ခြင်းနှင့် ပြင်ဆင် သတ်မှတ်ခြင်း၊

(ဃ) လျှပ်စစ်ဓာတ်အားခကို သတ်မှတ်ထားသည့် ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခြင်း၊

(င) လျှပ်စစ်ဓာတ်အားခနှင့် အခြားနည်းဖြင့် ရရှိသည့်ငွေများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခြင်း၊

(စ) အဖွဲ့က လျှပ်စစ်ဓာတ်အားအပြည့်အဝ ဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးသော နေရာဒေသတွင် လိုအပ်ပါက အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှပ်စစ်ဓာတ်အား လုပ်ငန်း တစ်ရပ်ရပ်ကို အခကြေးငွေရယူ၍ စီးပွားရေး အလို့ငှာ လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဆ) လျှပ်စစ်ဓာတ်အားလုပ်ငန်းကို ပိုမိုတိုးတက်စေရေးနှင့် လျှပ်စစ် အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ခေတ်မီတိုးတက်သည့် နည်းပညာများဖြင့် စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် လျှောက်ထားခြင်းကို စိစစ်ခွင့်ပြုခြင်း၊

(စျ) လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများနှင့် မသမာသော နည်းဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုမှုများကို စုံစမ်းစစ်ဆေးပြီး လိုအပ်ပါက လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခြင်းနှင့် သတ်မှတ်ထားသော လျော်ကြေးချမှတ်ခြင်း၊

(ည) ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူတစ်ဦးဦးအား လျော်ကြေးချမှတ်ခြင်း၊

(ဋ) ဤဥပဒေပါ ပြစ်မှုများကို အရေးယူရန် သက်ဆိုင်ရာရဲစခန်းတွင် တိုင်ချက်ဖွင့်ခြင်း သို့မဟုတ် တိုင်ချက်ဖွင့်စေခြင်း၊

(ဌ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

၉။ အဖွဲ့သည် မိမိအား ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့အရ အပ်နှင်းထားသော လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အဖွဲ့ဝင် တစ်ဦးဦးကို ဖြစ်စေ၊ အဖွဲ့၏ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း (၅)
ဝန်ထမ်းဖွဲ့စည်းပုံနှင့် ရုံးအဆင့်ဆင့်ဖွဲ့စည်းခြင်း

၁၀။ အဖွဲ့သည် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လျှပ်စစ်ဓာတ်အားလုပ်ငန်းများကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

၁၁။ အဖွဲ့သည် လျှပ်စစ်ဓာတ်အား လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး နယ်နိမိတ်အတွင်း ရုံးအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံး၊

(ခ) ခရိုင်လျှပ်စစ်ဓာတ်အားပေးရေးရုံးများ၊

(ဂ) မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးရုံးများ။

၁၂။ အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် အညီ -

(က) ဝန်ထမ်းဖွဲ့စည်းပုံအတွင်း လိုအပ်သော ဝန်ထမ်းများအား ခန့်ထားပိုင်ခွင့်ရှိသည်။

(ခ) ဝန်ထမ်းများ၏ လစာနှင့် အခကြေးငွေများကို သတ်မှတ်ရမည်။

(၈) လျှပ်စစ်ဓာတ်အားလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူခန့်ထားနိုင်သည်။

၁၃။ အဖွဲ့သည် ဝန်ထမ်းများနှင့်ပတ်သက်၍ အားလပ်ခွင့်ပေးခြင်း၊ အငြိမ်းစားပေးခြင်း၊ အရေးယူခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ပြည်သူ့ဝန်ထမ်းများအတွက် သတ်မှတ်ထားသည့် ဝန်ထမ်းစည်းမျဉ်းအတိုင်း ဆောင်ရွက်ရမည်။

၁၄။ အဖွဲ့သည် –

(က) ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းအထိ သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသော ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲလိုပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက် ရယူရမည်။

၁၅။ အဖွဲ့သည် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း (၆)
စစ်ဆေးခြင်း

၁၆။ အဖွဲ့သည် လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားအသုံးပြုခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်း၊ အဖွဲ့ဝင်တစ်ဦး ခေါင်းဆောင်သော စစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် အဖွဲ့၏ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ စစ်ဆေးရန် တာဝန်ပေးအပ်ခြင်း ပြုနိုင်သည်။

၁၇။ အဖွဲ့ သို့မဟုတ် အဖွဲ့က ပုဒ်မ ၁၆ အရ စစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရသည့် စစ်ဆေးရေးအဖွဲ့နှင့် ပုဂ္ဂိုလ်တို့သည် လျှပ်စစ်ဓာတ်အား လုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား အသုံးပြုခြင်းတို့ကို စစ်ဆေးရန်အတွက် သက်ဆိုင်ရာမြေနှင့် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခွင့်ရှိသည်။

၁၈။ အဖွဲ့ သို့မဟုတ် အဖွဲ့က စစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရသည့် စစ်ဆေးရေးအဖွဲ့နှင့် ပုဂ္ဂိုလ်တို့သည် –

(က) လျှပ်စစ်ဓာတ်အား လုပ်ငန်းလုပ်ကိုင်သူနှင့် လျှပ်စစ်ဓာတ်အား သုံးစွဲသူတို့ကို စစ်ဆေးနိုင်သည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ မြေနှင့် အဆောက်အအုံ ပိုင်ရှင်တို့ကိုလည်း ခေါ်ယူစစ်ဆေးနိုင်သည်။

အခန်း (၇)
ဘဏ္ဍာရေး

၁၉။ အဖွဲ့သည် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ ထို့ပြင် မိမိ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း တာဝန်ယူရမည်။ မိမိရန်ပုံငွေဖြင့် မလုံလောက်ပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အစိုးရထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံမှဖြစ်စေ ချေးငွေရယူနိုင်သည်။

၂၀။ အဖွဲ့သည် မိမိရန်ပုံငွေကို ဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍လည်းကောင်း၊ ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲနိုင်သည်။

၂၁။ (က) အစိုးရအဖွဲ့သည် အဖွဲ့တွင် ထားရှိသုံးစွဲနိုင်ခွင့်ရှိသည့် အမျှားဆုံး အသားတင်အမြတ်ငွေ ပမာဏကို သတ်မှတ်နိုင်သည်။

(ခ) အဖွဲ့သည် ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် အသားတင်အမြတ်ငွေ ပမာဏထက် ကျော်လွန်စုဆောင်းရရှိထားသည့် အသားတင်အမြတ်ငွေများကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သုံးစွဲရမည်။

၂၂။ အဖွဲ့သည် –

(က) နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို စီစစ်ပြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) နှစ်စဉ် ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏ အခြေအနေတို့ကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ တင်ပြရမည်။

အခန်း (၈)
ရန်ပုံငွေ ထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၂၃။ အဖွဲ့သည် ရုံးအကြီးအကဲက အဖွဲ့၏ စာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန် အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

၂၄။ ရုံးအကြီးအကဲသည် –

(က) စာရင်းများကို အဖွဲ့ကသတ်မှတ်ထားသည့် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုထိန်းသိမ်း ထားရှိရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများ နှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်း ခံရသူ၏ စစ်ဆေး ခြင်းကို ခံယူရမည်။

အခန်း (၉)
ထိခိုက်နစ်နာမှုအတွက် လျော်ကြေး

၂၅။ အဖွဲ့ သို့မဟုတ် အဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်၏ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်စေ ထိခိုက် ဒဏ်ရာ အနာတရဖြစ်ခြင်း၊ ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်လျှင် ထိခိုက်နစ်နာသူသည် အဖွဲ့ထံမှ အောက်ပါ လျော်ကြေးကို ရရှိစေရမည် –

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေး အက်ဥပဒေ နှင့် အကျုံးဝင်သူမဟုတ်ပါက ဤဥပဒေအရ ထုတ်ပြန် သည့် နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ အရ သတ်မှတ်ပေးသော လျော်ကြေး၊

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေး အက်ဥပဒေ နှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ် ထားသော လျော်ကြေးနှင့် ပုဒ်မခွဲ (က) အရ သတ်မှတ် သော လျော်ကြေးတို့အနက် များရာလျော်ကြေး။

အခန်း (၁၀)

ကျူးလွန်သည့် ပြစ်မှုအတွက် လျော်ကြေး

၂၆။ အဖွဲ့သည် အဖွဲ့က ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်သူ မည်သူ့ကိုမဆို ပျက်စီးဆုံးရှုံးသော အဖွဲ့ပိုင် လျှပ်စစ်ဓာတ်အားနှင့် အဖွဲ့ပိုင် လျှပ်စစ်ပစ္စည်းကိရိယာတို့၏ ကာလတန်ဖိုး သို့မဟုတ် ယင်း ကျူးလွန်မှုကြောင့် ဖြစ်ပေါ်သော နစ်နာဆုံးရှုံးမှုအတွက် သတ်မှတ်ထားသော လျော်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ အဖွဲ့သို့ပေးဆောင်စေရန် အမိန့်ချမှတ်ရမည် -

(က) လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သော သဘောဖြင့် ထုတ်ယူခြင်း၊ ဖြုန်းတီးမှု ပြုလုပ်ခြင်း၊ တရားမဝင် ထပ်ဆင့်ရောင်းချခြင်း၊ တရားမဝင် အသုံးပြုခြင်း သို့မဟုတ် ခိုးယူသုံးစွဲခြင်း၊

(ခ) လျှပ်စစ်ပစ္စည်းကိရိယာတစ်ခုခုကို ဖျက်ဆီးခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အား လုပ်ငန်းတစ်ရပ်ရပ်ကို ဖျက်ဆီးခြင်း။

၂၇။ အဖွဲ့သည် အဖွဲ့က ဆောင်ရွက်လျက်ရှိသည့် အဖွဲ့ပိုင် လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ် ကျူးလွန်သူ မည်သူ့ကိုမဆို သတ်မှတ်ထားသောငွေကို လျော်ကြေးအဖြစ် အဖွဲ့သို့ ပေးဆောင်စေရန် အမိန့်ချမှတ်ရမည် -

(က) အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ အဖွဲ့ပိုင် လျှပ်စစ်ပစ္စည်းကိရိယာ တစ်ခုခုကို အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း၊

(ခ) အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားကို အခြား ပုဂ္ဂိုလ် တစ်ဦးဦးသို့ ဆင့်ပွားဆက်သွယ် အသုံးပြုစေခြင်း၊

(ဂ) အထွေထွေအိမ်သုံးမီတာ သို့မဟုတ် အိမ်တွင်းသုံးပါဝါမီတာမှတစ်ဆင့် အသုံးပြုခွင့်မရှိသော စီးပွားရေးလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲခြင်း၊

(ဃ) စက်မှုလက်မှုလုပ်ငန်းသုံး ပါဝါမီတာကို ခွင့်ပြုဝန်အားထက် ကျော်လွန်အသုံးပြု၍ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲခြင်း၊

(င) အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စီးကြောင်းကို လွှဲပေးခြင်း၊

(စ) အဖွဲ့၏ ခွင့်ပြုချက် မရှိဘဲ လျှပ်စစ်ဓာတ်အားလိုင်းကို ဖြတ်တောက်ခြင်း။

၂၈။ အဖွဲ့က လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးသော နေရာဒေသတွင် အဖွဲ့၏ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားလုပ်ငန်း တစ်ရပ်ရပ်ကို အခကြေးငွေရယူ၍ စီးပွားရေးအလို့ငှာ လုပ်ကိုင်သူ မည်သူ့ကိုမဆို အဖွဲ့၏နစ်နာဆုံးရှုံးမှုအတွက် သတ်မှတ်ထားသောငွေကို လျော်ကြေးအဖြစ် အဖွဲ့သို့ ပေးဆောင်စေရန် အမိန့်ချမှတ်ရမည်။

အခန်း (၁၁)
အယူခံခြင်း

၂၉။ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့အရ လျော်ကြေးနှင့်စပ်လျဉ်း၍ အဖွဲ့က ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် –

(က) လျော်ကြေးပေးဆောင်စေရန် အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) အဖွဲ့က သတ်မှတ်သော လျော်ကြေးကို ပေးဆောင်ပြီးမှသာ အယူခံခွင့်ရှိသည်။

၃၀။ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ အယူခံမှုတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် အဖွဲ့က ချမှတ်ထားသော အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းတို့ ပြုနိုင်သည်။

၃၁။ ပုဒ်မ ၃၀ အရ ချမှတ်သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၂။ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ခြင်းခံရသူသည် အယူခံမှုတွင် အနိုင်ရရှိပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်နှင့်အညီ လျော်ကြေးကို ပြန်လည် ရထိုက်ခွင့်ရှိစေရမည်။

အခန်း (၁၂)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၃။ မည်သူမဆို အာဖွဲ့ပိုင် လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သော သဘောဖြင့် ထုတ်ယူခြင်း၊ ဖြုန်းတီးမှုပြုလုပ်ခြင်း၊ တရားမဝင် ထပ်ဆင့် ရောင်းချခြင်း၊ တရားမဝင်အသုံးပြုခြင်း သို့မဟုတ် ခိုးယူသုံးစွဲခြင်းကို ပြုလုပ်လျှင် ပြစ်မှုဆိုင်ရာ ဥပဒေအရ ဓာတ်အားခိုးမှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

၃၄။ မည်သူမဆို မရိုးမဖြောင့်သော သဘောဖြင့် အဖွဲ့ပိုင် လျှပ်စီးကြောင်းကို လွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ပစ္စည်း ကိရိယာတစ်ခုခုကို ဖျက်ဆီးခြင်း သို့မဟုတ် လျှပ်စစ်ဓာတ်အားလုပ်ငန်း တစ်ရပ်ရပ်ကို ဖျက်ဆီးခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ရန်ကုန်မြို့တော် ဓာတ်အားပေးရေး နယ်နိမိတ် အတွင်း အဖွဲ့က လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ခြင်း

မရှိသေးသော နေရာဒေသတွင် အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အား လုပ်ငန်း တစ်ရပ်ရပ်ကို အခကြေးငွေရယူ၍ စီးပွားရေးအလို့ငှာ လုပ်ကိုင် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ အထိ ကျခံစေရ မည့် အပြင် ပြစ်ဒဏ်ချမှတ်ပြီးနောက် ပြစ်မှုကို ဆက်လက်ကျူးလွန် ကြောင်း ဖြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ကျူးလွန်သောရက်များ အတွက် တစ်ရက်လျှင် ငွေဒဏ် ၅၀၀၀ ကျပ်စီ ကျခံစေရမည်။

၃၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်း ခံရမည်။

အခန်း (၁၃)
အထွေထွေ

၃၈။ အဖွဲ့၏ အဖွဲ့ဝင်နှင့် ဝန်ထမ်းများသည် ဤဥပဒေအရ လုပ်ငန်း တာဝန်ကို ဆောင်ရွက်သည့်အခါ သို့မဟုတ် ယင်းသို့ဆောင်ရွက်ကြောင်း သဘော သက်ရောက်သည့် အပြုအမူကို ပြုသည့်အခါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ၏ အဓိပ္ပာယ်အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၃၉။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး နယ်နိမိတ်ကို သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၄၀။ အဖွဲ့သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်အတွင်းရှိ တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး၊ ခရိုင်လျှပ်စစ် အင်ဂျင်နီယာရုံးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများပိုင် ရှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း လျှပ်စစ် စွမ်းအားဝန်ကြီးဌာနက သတ်မှတ်ပေးသည့်အတိုင်း အသီးသီး ဆက်ခံရမည်။

၄၁။ အဖွဲ့သည် –

(က) အဖွဲ့က ရရန်ရှိသည့် လျှပ်စစ်ဓာတ်အားခနှင့် လျော်ကြေးငွေများ ပေးဆောင်ရန် ပျက်ကွက်သူထံမှ မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စရပ်ကို ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် သင့်လျော်သူတစ်ဦးအား တာဝန်ပေးအပ်နိုင်သည်။

၄၂။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၃။ သက်ဆိုင်ရာ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို အဖွဲ့ သို့မဟုတ် အဖွဲ့၏တာဝန်ရှိ ဝန်ထမ်းတစ်ဦးဦးက သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းသို့ တိုင်ချက်ဖွင့်ပြီး အရေးယူမှုသာလျှင် စစ်ဆေးစီရင်ပိုင်ခွင့် ရှိစေရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် –

(က) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းဌေး
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အပိန့်အမှတ် ၁ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၏
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁ / ၂၀၀၅)

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

တာဝန်မှ ရုပ်စဲခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းအား ယနေ့မှစ၍ တာဝန်မှ ရုပ်စဲလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၃)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၂ / ၂၀၀၅)

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

တာဝန် ပူးတွဲထမ်းဆောင်စေခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ရဲမြင့်အား မန္တလေးမြို့တော်စည်ပင်ယာသာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၃ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၃ / ၂၀၀၅)

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မန္တလေးမြို့တော်ဝန်) ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မန္တလေးမြို့တော်ဝန်) အဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၄ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၄ / ၂၀၀၅)

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၀၅ ခုနှစ်၊ မတ်လ ၃၁ ရက်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ တက္ကသိုလ်ကောင်စီ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ တက္ကသိုလ်ကောင်စီတွင် ဒုတိယပါမောက္ခချုပ် (စီမံ)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အား တွဲဖက်အတွင်းရေးမှူး (၁) အဖြစ်လည်းကောင်း၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အား တွဲဖက်အတွင်းရေးမှူး (၂) အဖြစ်လည်းကောင်း ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အပိန့်အမှတ် ၅ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၅ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၀၅ ခုနှစ်၊ မေလ ၂၃ ရက်)

ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ခင်မောင်မြင့်အား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၆ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၆ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၀၅ ခုနှစ်၊ မေလ ၂၃ ရက်)

ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ ဗိုလ်ချုပ် ခင်ဇော်အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အပိုန့်အမှတ် ၇ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၇ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၀၅ ခုနှစ်၊ မေလ ၂၃ ရက်)

ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်သူရမြင့်အောင်အား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ပဝေါ / ဝ ပုဂ္ဂိုလ်ဒိဋ္ဌိဝဂ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၈ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၀၅ ခုနှစ်၊ မေလ ၂၃ ရက်)

ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ရဲမြင့်အား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ပထမ / ဒု ပုဂ္ဂိုလ်ဆိုင်ရာ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၉ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၀၅ ခုနှစ်၊ မေလ ၂၃ ရက်)

ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မင်းအောင်လှိုင်အား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

cCc

(Goof / oc ပုဂံခေတ်နန်းတွင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၀ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၀၅ ခုနှစ်၊ မေလ ၂၃ ရက်)

ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်အား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အပိုဒ်အမှတ် ၁၁ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၁ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
(၂၀၀၅ ခုနှစ်၊ ဇွန်လ ၈ ရက်)

နယ်ဘက်တရားရုံးဥ၏ တရားစွဲဆိုခွင့်ပြုမိန့်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) တာဝန်ထမ်းဆောင်ခဲ့သော၊ ဝန်ကြီးချုပ်ဟောင်းနှင့် ထောက်လှမ်းရေးမှူးချုပ်ဟောင်းဖြစ်သူ ကြည်း စဂ၆၈၊ ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွှန့် (ဘ) ဦးဘညွှန့် အား ၎င်းတာဝန်ထမ်းဆောင်ခဲ့စဉ်က ကျူးလွန်ခဲ့သော အဂတိလိုက်စားမှုများအပါအဝင် အခြားပြစ်မှုများဖြင့် နယ်ဘက်တရားရုံးများတွင် တရားစွဲဆို စစ်ဆေးစီရင်ခြင်းအား ခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၂ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၏
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၂ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

တာဝန်မှ ရပ်စဲခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပဉ္စာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်အား ယနေ့မှစ၍ တာဝန်မှ ရပ်စဲလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အပိန့်အမှတ် ၁၃ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၃ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ကြီးများအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည် –

(၁) ဦးသန်းရွှေ ... ဝန်ကြီးချုပ်ရုံး
(၂) ဗိုလ်မှူးချုပ် ပြည့်စုံ ... ဝန်ကြီးချုပ်ရုံး

အမိန့်အရ
(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၄ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၄ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဒေါက်တာ ချမ်းငြိမ်းအား ပညာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၅ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၂၀၀၅ ခုနှစ်၊ သြဂုတ်လ ၁၀ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဗိုလ်မှူးကြီး သူရိန်ဇော်အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ်   ၁၆ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၆ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၀၅ ခုနှစ်၊ သြဂုတ်လ ၁၀ ရက်)

ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်မောင်ဆွေအား တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ
(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၇ / ၂၀၀၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၇ / ၂၀၀၅)

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်အုန်းမြင့်အား ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ
(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ပစလ/၆၀၀/၂၀၀၅/ဥပဒေနှင့်အမိန့် /၇၀၀၀ အုပ်/ဗလ။